၁၉၉၅ ခု အောက်တိုဘာလမှစတင်၍
အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

*Published by Voice of Burma Information Group* *Issue No. 695 FEBRUARY 1, 2009*

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**
**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp**

## ဒေါ်အောင်ဆန်းစုကြည်နှင့် မစ္စတာ ဂမ်ဘာရီ တွေ့ဆုံဖို့ရာရှိ

## မြန်မာ့အရေးဖြေရှင်းရေး သိသာတဲ့တိုးတက်မှုရစေရန် ကုလသမဂ္ဂကြိုးပမ်းနိုင်မည်လော

**VOB I ဂျပန်နုဝါရီ ၂၉။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ဟာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ မြန်မာပြည်ဆိုင်ရာအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီ မြန်မာနိုင်ငံကိုရောက်လာတဲ့အခါ တွေ့ဆုံဖို့ရာရှိတယ်လို့ အဲန်အဲလ်ဒီရဲ့ပြောဆိုရေးဆိုခွင့်ရှိသူတဦးက ပြောဆိုလိုက်ပါတယ်။

ပြောရေးဆိုခွင့်ရှိသူ ဦးဝင်းနိုင်က ရောဝတီကို ပြောရာမှာ အဲန်အဲလ်ဒီအနေနဲ့ သူတို့ရဲ့ခေါင်းဆောင်နဲ့ မစ္စတာဂမ်ဘာရီတို့ တွေ့လိမ့်မယ်လို့ မျှော်လင့်ထားတဲ့အပြင် အရေးကြီးတဲ့ကိစ္စတွေကို ဆွေးနွေးဖို့ရာရှိတယ်ဆိုတဲ့အကြောင်းနဲ့ ရှေ့မတိုးနောက်မဆုတ်ဖြစ်နေတဲ့နိုင်ငံရေးအခြေအနေကို တနည်းတဖုံနဲ့ဖြေရှင်းနိုင်ဖို့ရှိရမယ်လို့ ဆိုပါတယ်။

အထွေထွေအတွင်းရေးမှူးဘန်ကီမွန်းဟာ မြန်မာနိုင်ငံမှာ တိုးတက်မှုတစုံတရာမရှိလို့ကတော့ လာမှာမဟုတ်ဘူး၊ ဒီတော့ မစ္စတာဂမ်ဘာရီရဲ့ဒီခရီးမှာ တခုခုပါသွားရလိမ့်မယ်၊ ဒီလိုအခြေအနေမျိုးမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ မစ္စတာဂမ်ဘာရီတို့ တွေ့ဖို့ရာရှိပါတယ် လို့ ဦးဝင်းနိုင်က ပြောပါတယ်။

ကုလသမဂ္ဂကတော့ မစ္စတာဂမ်ဘာရီခရီးနဲ့ပတ်သက်ပြီး အသေးစိတ်ထုတ်ဖော်ပြောတာမျိုးတွေတော့ မရှိပေမဲ့လည်း မြန်မာအစိုးရကဖိတ်ကြားလို့ သွားတာဖြစ်တယ်လို့ ဆိုပါတယ်။

အဲန်အဲလ်ဒီကတော့ မစ္စတာဂမ်ဘာရီရဲ့ခရီးနဲ့ပတ်သက်ပြီး အကောင်းဘက်ကိုတော့ ရှုမြင်ထားတာတော့ မရှိပါဘူး။

ဦးဝင်းနိုင်က မြန်မာနိုင်ငံကို ၆ ကြိမ်လာခဲ့တဲ့ ခရီးစဉ်အတွင်းမှာ မြန်မာနိုင်ငံရဲ့နိုင်ငံရေးတိုးတက်မှု တစုံတရာတိုးတက်လာတာတွေ မမြင်တွေ့ခဲ့ရဘူး လို့ ပြောဆိုပါတယ်။ ဒါပေမဲ့လည်း စစ်မှန်တဲ့တွေ့ဆုံဆွေးနွေးမှုတွေဖြစ်ပေါ်ရေးအတွက် မျှော်လင့်ထားတယ်လို့ အဲန်အဲလ်ဒီရဲ့ပြောရေးဆိုခွင့်ရှိသူက ဆိုပါတယ်။ တဆက်တည်းမှာပဲ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဖို့ အာဏာပိုင်တွေကိုတောင်းဆိုတဲ့ ရှေ့နေဦးကြည်ဝင်းရဲ့တောင်းဆိုချက်လည်းငြင်းပယ်ခံခဲ့ရတယ်လို့ သိရပါတယ်။

မြန်မာပြည်ဆိုင်ရာအထူးကိုယ်စားလှယ် ဂမ်ဘာရီအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို စစ်အာဏာပိုင်ကလွှတ်ပေးလာရေးအတွက် လုပ်ကိုင်နိုင်ရေးဟာ အခုတခေါက်ခရီးစဉ်အတွက် အရေးပါတဲ့အချက်ဖြစ်ပါလိမ့်မယ်၊ အကဲခတ်တွေကတော့ ဒေါ်အောင်ဆန်းစုကြည်လွှတ်ပေးရေးနဲ့ ၂၀၁၀ ရွေးကောက်ပွဲကိစ္စကို နအဖအာဏာပိုင်တွေက ဆက်စပ်ထားဖို့ရာရှိတယ်လို့ ခန့်မှန်းကြပါတယ်။

## အဲန်အဲလ်ဒီအတွင်း အကွဲအပြဲဖြစ်နိုင်သည်ဟု စစ်အုပ်စုအတွင်းပြောဆို

**VOB I ဂျန်နုဝါရီ ၂၉ ။** ။ နအဖစစ်တိုင်းမှူးအစည်းအဝေးမှာ အဲန်အဲလ်ဒီဟာ နှစ်ပိုင်းကွဲသွားနိုင်ပြီး တပိုင်းဟာ နာမည်သစ်နဲ့ ၂၀၁၀ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်တယ်လို့ ပြောဆိုတဲ့အကြောင်း ပေါက်ကြားခဲ့တဲ့လျှို့ဝှက်သတင်းတပုဒ်ကို မဇ္ဈိမသတင်းဌာနက ဖော်ပြထားပါတယ်။

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်စိုးဝင်းက အခုလိုပြောဆိုတာဖြစ်ပြီး မဇ္ဈိမက သူရခဲ့တဲ့အထောက်အထားမိတ္တူမှာ ဗိုလ်ချုပ်စိုးဝင်းဟာ နအဖကချမှတ်လျှောက်လှမ်းနေတဲ့ လမ်းကြောင်းရဲ့ အောင်မြင်နိုင်တဲ့အလားအလာကို တွက်ဆပြောဆိုထားပါတယ်။

အဲန်အဲလ်ဒီရဲ့ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက အဲဒီအလားအလာကို ပယ်ချလိုက်ပြီး သူတို့(စစ်အာဏာပိုင်)တွေဟာ အဲန်အဲလ်ဒီကို ကွဲစေချင်တာလို့ တုံ့ပြန်ပြောဆိုခဲ့ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ပြောရေးဆိုခွင့်ရှိသူက သူတို့ဟာ ဒီကိစ္စကိုဆွေးနွေးတဲ့အဆင့်မရောက် သေးဘူးလို့ ပြောပါတယ်။

ပါတီခေါင်းဆောင်တွေဖြစ်တဲ့ ဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ မတရားထိန်းသိမ်းခံနေရတဲ့အတွက် စစ်အုပ်စုက ပါတီကို ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး ကွဲပြားသွားစေရန်လုပ်ဆောင်ကြိုးပမ်းချက်ဖြစ်နိုင်ပါတယ်။

ဂမ်ဘာရီအနေဖြင့် ရွေးကောက်ပွဲထက်ပို၍ အရေးတကြီးဖြေရှင်းရန်များရှိ **စာမျက်နှာ ၈**

စုံညီစည်းဝေးခေါ်ဘို့ မိတ္ထီလာအဖွဲ့ချုပ်က အဖွဲ့ချုပ်ဗဟိုကိုတောင်းဆို **စာမျက်နှာ ၃**

အကျဉ်းသားလွတ်မြောက်ရေး တောင်းဆိုချက်ကိုပြည်သူများ ထောက်ခံကြစေလို **စာမျက်နှာ ၆**

ပညာပေးသင်တန်းကို နိုင်ငံရေးသင်တန်းထင်၍ ဝန်ကြီးကပိတ်ပစ် **စာမျက်နှာ ၈**

ဒေါ်အောင်ဆန်းစုကြည်၏ အယူခံကိစ္စအတွက် ရှေ့နေကို နေပြည်တော်ကဆင့်ခေါ် **ကျောဖုံး**

VOB အာဘော်

# မစ္စတာဂမ်ဘာရီ၏အရည်အချင်းစစ်ဆေးပွဲ

မြန်မာ့နိုင်ငံရေးပြဿနာဖြစ်ပွားနေသည်မှာ ၁၉၉၀ ရွေးကောက်ပွဲပြီးကတည်းကဖြစ်သည်။ လွတ်လပ်၍ တရားမျှတသော ၁၉၉၀ ရွေးကောက်ပွဲက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို လွှတ်တော်အမတ်နေရာအပြတ်အသတ်အနိုင်ရစေခဲ့သည်။ ဤသို့သောရလဒ်ထွက်ပေါ်လာခဲ့ပြီးနောက် စစ်အုပ်စုက အာဏာလွှဲပြောင်းရေးကို အကြောင်းအမျိုးမျိုးပြ အခြေအနေအမျိုးမျိုးသတ်မှတ်ကာ ငြင်းဆန်နေခဲ့သည်။ တချိန်တည်းမှာပင် စစ်တပ်က ဆက်လက်အုပ်ချုပ်ရေးကို အာမခံချက်ပေးနိုင်မည့်အခြေအနေကို ဖန်တီးနေခဲ့သည်မှာ ၁၄ နှစ်ခန့်ကြာမြင့်ခဲ့သည်။ ဤသည်က နအဖအလိုကျ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီးစီးသွားခြင်းဖြစ်သည်။

ထိုအခြေအနေက နအဖအနေဖြင့် ၎င်းတို့၏အနာဂတ်အတွက် အလားအလာကောင်းပြီဟု ယုံကြည်ခဲ့သည့်အတွက် ၂၀၁၀ တွင် ရွေးကောက်ပွဲကျင်းပမည်ဟု အတိအလင်းဆိုခဲ့သည်။ ဤသို့ရွေးကောက်ပွဲကျင်းပနိုင်ခဲ့လျှင် ၁၉၉၀ ရွေးကောက်ပွဲရလဒ်သည် အလိုအလျောက်ပျက်ပြယ်မည်ဟု ယူဆထားသည်။ အဘယ်ကြောင့်ဆိုသော် ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို နအဖစစ်အာဏာပိုင်များသည် ပျက်ပြယ်ပြီဟု ကြေငြာရဲသည့်သတ္တိ မရှိပေ။ ၎င်းတို့တာဝန်ယူကာကျင်းပပေးခဲ့သောရွေးကောက်ပွဲဖြစ်ခြင်းကြောင့်တည်း။

အဲန်အဲလ်ဒီက ၁၉၉၀ ရွေးကောက်ပွဲက ပေးလိုက်သည့် လူထု၏ထောက်ခံအတည်ပြုမှုကို ကိုင်တွယ်ကာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်နေသည်၊ စစ်အုပ်စုကလည်း အာဏာဆက်လက်ချုပ်ကိုင်ရေးကို နည်းမျိုးစုံဖြင့်ကြိုးပမ်းနေသည်၊ သို့သော် နှစ်ဘက်စလုံးသည် မအောင်မြင်သေးပေ။ ထိုသို့သောရှေ့မတိုး နောက်မဆုတ်ဖြစ်နေသော နိုင်ငံရေးအခြေအနေကို ဖြိုခွဲရန် ကုလသမဂ္ဂက မစ္စတာဂမ်ဘာရီကို စေလွှတ်ခဲ့သည်။ ယခုတကြိမ်သည် မစ္စတာဂမ်ဘာရီ အတွက် ၇ ကြိမ်မြောက်ခရီးဖြစ်သည်။ လွန်ခဲ့သည့် ၆ ကြိမ်သွားခဲ့သည့်ခရီးစဉ်များက မြန်မာပြည်တွင် နိုင်ငံရေးတိုးတက်မှုရစေရန် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသေးပေ။

သို့သော် ယခုတကြိမ်တွင် မစ္စတာဂမ်ဘာရီသည် အားလုံးအတွက် အကျိုးရှိမည့်ရလဒ်ကောင်းထွက်ပေါ်လာစေရန် ကြိုးပမ်းရမည့်တာဝန်ရှိသည်။ စစ်မှန်သည့်တွေ့ဆုံဆွေးနွေးရေးကို ငြင်းဆန်နေသည့်နအဖ ယုံကြည်လက်ခံလာစေရန် နားချနိုင်ရမည်ဖြစ်သလို၊ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးရန်လည်း လုပ်ဆောင်နိုင်ရမည်ဖြစ်သည်၊ ထို့အပြင် အဲန်အဲလ်ဒီက နအဖစစ်အာဏာပိုင်များထံတောင်းဆိုထားသည့် အခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာ အကြံပေးအဖွဲ့ဖွဲ့စည်းကာ ပြုပြင်ပြောင်းလဲရေးကိုလုပ်ဆောင်ရန်လည်း နအဖကို တိုက်တွန်းရန်လိုအပ်သည်။ ထို့အတူ မြန်မာပြည်အနာဂတ်အရေးနှင့်ဖတ်သက် ၍ နအဖနှင့်အဲန်အဲလ်ဒီတို့အကြား နားလည်ယုံကြည်မှုရှိလာစေရန် အဲန်အဲလ်ဒီကိုရော စစ်အာဏာပိုင်များကိုပါ စေ့စပ်နိုင်ပြီး လက်တွေ့ကျကျလုပ်ဆောင်လာစေ ရန် လုပ်ဆောင်နိုင်ရပေမည်။ ဤသို့ဆောင်ရွက်နိုင်ခြင်းရှိ မရှိဆိုသည်ကို ၇ ကြိမ်မြောက် ခရီးစဉ်က စစ်ဆေးမည်ဖြစ်ပေသည်။

---

# ဂမ်ဘာရီအနေဖြင့် ရွေးကောက်ပွဲထက်ပို၍ အရေးတကြီးဖြေရှင်းရန်များရှိ

**DVB ၊ ဂျန်နဝါရီ ၂၈ ။** ။ စစ်အစိုးရစီမံနေတဲ့ရွေးကောက်ပွဲမတိုင်မီ အရေးတကြီးဖြေရှင်းရမှာတွေရှိတယ်ဆိုတာ ကုလသမဂ္ဂက လုံးဝနားလည်ပါတယ်လို့ မစ္စတာဂမ်ဘာရီကအကြောင်းပြန်တယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြောပါတယ်။

ကုလသမဂ္ဂအထူးကိုယ်စားလှယ်ရဲ့ ဒီပြန်ကြားစာကို လွန်ခဲ့တဲ့သီတင်း ၂ ပတ်ကတည်းကရရှိပြီး လွန်ခဲ့တဲ့စက်တင်ဘာတုန်းက အဖွဲ့ချုပ်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဆီရေးထားတဲ့စာကို အကြောင်းပြန်တာပဲလို့ အဖွဲ့ချုပ် ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းကပြောကြားပါတယ်။ အဖွဲ့ချုပ်ရဲ့ပေးပို့စာပါ အဓိကအချက် ၂ ခုဖြစ်တဲ့ “ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကိုလွှတ်ဖို့နဲ့ အားလုံးပါဝင်တဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလုပ်ဖို့” ဆိုတာကို ကုလသမဂ္ဂဘက်ကလက်ခံသဘောတူပြီး ဆက်လက်ဆောင်ရွက်နေပါတယ်လို့ မစ္စတာဂမ်ဘာရီရဲ့အကြောင်းပြန်စာမှာ ပါဝင်တယ်လို့လည်း ဦးဉာဏ်ဝင်းကပြောပါတယ်။

“အားလုံးပါဝင်ရေးဆိုတာ အားလုံးပါဝင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ဘို့လိုတယ်လေ၊ ရွေးကောက်ပွဲဆိုတာ ဒီနောက်မှ၊ ရွေးကောက်ပွဲအကြောင်း စာထဲမှာ မပါပါဘူး”

မကြာမီ မြန်မာပြည်ကိုသွားမယ့်မစ္စတာဂမ်ဘာရီကို အဖွဲ့ချုပ်ကတြိုဆိုပြီး ၂၀၁၀ ရွေးကောက်ပွဲအရေးထက် အဲဒီရွေးကောက်ပွဲမတိုင်မီ ဦးစားပေးလုပ်ဖို့လိုနေတဲ့အချက်တွေကို အလေးထားတင်ပြဆွေးနွေးမယ်လို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။ မစ္စတာဂမ်ဘာရီရဲ့လာမယ့်ခရီးစဉ်မှာ အရင်ခရီးစဉ်တုန်းကအဆိုပြုခဲ့တာတွေကို ဆက်လက်ဆွေးနွေးမှာဖြစ်ကြောင်း၊ ခရီးစဉ်ကိစ္စကို စစ်အုပ်စုနဲ့ဆွေးနွေးနေဆဲဖြစ်ကြောင်း ကုလသမဂ္ဂလက်ထောက်ပြောခွင့်ရပုဂ္ဂိုလ် မေရီအိုကာဘီက မနေ့ကပြောကြားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးတင်ဦးအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကိုလွှတ်ရေး၊ စစ်အုပ်စုနဲ့ ဒေါ်အောင်ဆန်းစုကြည် တိုက်ရိုက်တွေ့ဆုံဆွေးနွေးရေး၊ တိုင်းပြည်စီးပွားရေးအခြေအနေဆိုးရွားနေမှုကို တိုးတက်လာအောင်ဆောင်ရွက်ရေး၊ မြန်မာပြည်မှာအမြဲတမ်းမရှိနိုင်တဲ့ မစ္စတာဂမ်ဘာရီရဲ့ကိုယ်စား ဆက်သွယ်ရေးအရာရှိတဦးခန့်ထားရေး၊ နိုင်ငံရေးပြဿနာအဖြေရှာရာမှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုယ်တိုင် မြန်မာပြည်ကိုသွားရောက်ဆောင်ရွက်ရေး စတဲ့ ၅ ချက်ကို လုပ်ငန်းစဉ်အဖြစ် စစ်အုပ်စုကိုအဆိုပြုထားကြောင်း၊ မနှစ်က ဩဂုတ်ခရီးစဉ်မှာ မစ္စတာဂမ်ဘာရီက အဖွဲ့ချုပ်ကိုပြောခဲ့ဘူးပါတယ်၊ အဲဒီအဆိုပြုချက်တွေကို နအဖစစ်အုပ်စုဘက်က တုံ့ပြန်တာမတွေ့ရဘူးလို့ ကုလသမဂ္ဂဆိုင်ရာ အမျိုးသားညွန့်ပေါင်းအစိုးရကိုယ်စားလှယ် ဒေါက်တာသောင်းထွန်းကပြောပါတယ်။

“နိုင်ငံရေးအကျဉ်းသားတွေလွှတ်တာမတွေ့ရသလို စက်တင်ဘာအတွင်းဖမ်းဆီးထားခဲ့တဲ့လူတွေတောင်မှ နှစ်ရှည်ထောင်ဒဏ်တွေချတာ ကျနော်တို့တွေ့ရတယ်၊ လာမယ့်ခရီးစဉ်မှာ မစ္စတာဂမ်ဘာရီက ဘယ်သူတွေနဲ့တွေ့ မလဲ၊ ဘယ်လောက်အချိန်ပေးမလဲဆိုတာကိုတော့ ပိုင်ပိုင်နိုင်နိုင်စီစဉ်သင့်တယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်တွေနဲ့ တွေ့ဘို့လိုသလို တဖက်ကလည်း နအဖဘက်မှာ ပေါ်လစီရေးရာနဲ့ပတ်သက်လို့ တကယ်လုပ်ပိုင်ခွင့်ရှိတဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေလို ထိပ်ပိုင်းတွေနဲ့ တိုက်ရိုက်တွေ့ဆုံဆွေးနွေးမှုဖြစ်ဖို့လိုတယ်၊ ဂမ်ဘာရီသွားခြင်းအားဖြင့် နအဖဘက်က ဘယ်လိုမျိုးစဉ်းစားထားတာရှိတယ်၊ အဲန်အဲလ်ဒီဘက်က ဘယ်လိုဖြစ်စေချင်တယ်ဆိုတဲ့သတင်းတွေကိုတော့သယ်ဆောင်လာနိုင်မယ်ဆိုတဲ့ဟာတော့ အနိမ့်ဆုံး ကျနော်တို့မျှော်လင့်တာ ပေါ့။ အများကြီးတော့ မျှော်လင့်လို့မရပါဘူး”။

# စုံညီစည်းဝေးခေါ်ဖို့ မိတ္ထီလာအဖွဲ့ချုပ်က အဖွဲ့ချုပ်ဗဟိုကိုတောင်းဆို

**DVB ၊ ဂျန်နဝါရီ ၂၅ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုအနေနဲ့ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေကို စုံညီတွေ့ပြီး ဒီနေ့ပြည်သူတွေခံစားနေရတဲ့ဒုက္ခတွေအတွက် အဖွဲ့ချုပ်အနေနဲ့ ဘယ်လမ်းကြောင်းကိုသွားသင့်တယ်ဆိုတာ ဆွေးနွေးသင့်တယ်လို့ မိတ္ထီလာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တောင်းဆိုလိုက်ပါတယ်။

လစဉ် ၂၅ ရက်နေ့တိုင်းပြုလုပ်နေကျ မိတ္ထီလာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပုံမှန်လပတ်အစည်းအဝေးကနေ အဖွဲ့ချုပ်ဗဟိုကို တောင်းဆိုလိုက်တာပါ။ ဒီနေ့အစည်းအဝေးကို မိတ္ထီလာမြို့နယ်အဖွဲ့ချုပ်ရုံးမှာ ကျင်းပခဲ့တာဖြစ်ပြီး ဆုံးဖြတ်ချက် ၅ ချက်ထဲက တချို့ကို မိတ္ထီလာမြို့နယ် အန်အယ်လ်ဒီ အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။

“ဆုံးဖြတ်ချက်အနေနဲ့ ၅ ခုချတယ်။ ပထမဦးဆုံး ဆုံးဖြတ်ချက် ၁ အနေနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင် လုပ်ငန်းကော်မတီလေးများ တိုးချဲ့ဖွဲ့စည်းမှုကို ကြိုဆိုကြောင်းနှင့် အားမာန်ပါသော စီအီးစီ တိုးချဲ့ဖွဲ့စည်းမှုကို ပြုလုပ်ပေးရန်နှင့် တနိုင်ငံလုံးရှိ အန်အယ်လ်ဒီမှ ၉၀ ခု ရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ်များကို စုံညီအစည်းအဝေးခေါ်ပေးပါရန်၊ အဖွဲ့ချုပ်ဗဟိုသို့ ထပ်မံတောင်းဆိုကြောင်း ဆုံးဖြတ်သည်၊ နောက်တချက်အနေနဲ့ကတော့ ယနေ့ မြန်မာနိုင်ငံ၏ ဥပဒေရေးရာတွင် တရားဥပဒေ၏အထက်တွင် အာဏာက စိုးမိုးလျှက် မတန်တဆ နှစ်ရှည်ထောင်ဒဏ်များချမှတ်ခြင်းအပေါ် ကန့်ကွက်ကြောင်းဆုံးဖြတ်သည်။ နောက်တချက်အနေနဲ့ကတော့ ဒီမိုကရေစီအင်အားစု နိုင်ငံရေးအကျဉ်းသားများကို ဝေးလံသီခေါင်သော နယ်စွန်နယ်ဖျား အကျဉ်းထောင်များတွင် နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခဲ့သည့်အပြင် ယခုဇန်နဝါရီလ ကိုထောင်ဝင်စာတလပိတ်သည်ဟူ၍ တနိုင်ငံလုံးသိရှိအောင် တရားဝင်ကြေညာခြင်းမရှိ၊ ခရီးစရိတ်အလွန်မင်း အကုန်ကျခံ၍ ထောင်ဝင်စာလာတွေ့ကြရသော မိသားစုများ၏ ကိုယ်စိတ်နှစ်ပါး နစ်နာဆုံးရှုံးမှုများအတွက် နအဖ၏ လုပ်ရပ်ကို ကန့်ကွက်ကြောင်း ဆုံးဖြတ်သည်။”

ဒါ့အပြင် အသက် ၂၀ အရွယ် ဗကသ (အထက်ဗမာပြည်) ကျောင်းသားခေါင်းဆောင်ကို နှစ် ၁၀၀ ကျော် ထောင်ချတဲ့လုပ်ရပ်နဲ့ အပြစ်မဲ့ကိုယ်ဝန်သည် မကေသီအောင်ကို ခင်ပွန်းသည်အစား ဖမ်းဆီးထောင်ချခဲ့တဲ့ နအဖရဲ့လုပ်ရပ်ကို ကန့်ကွက်ခဲ့သလို ဂမ်ဘာရီ မကြာခင် မြန်မာနိုင်ငံဆီလာရောက်မဲ့အပေါ် ကြိုဆိုကြောင်း ဆုံးဖြတ်ချက်ခဲ့တယ်လို့လည်း ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။ ဒီဆုံးဖြတ်ချက်တွေထဲက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအနေနဲ့ ၁၉၉၀ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စုံညီအစည်းအဝေးခေါ်ပေးဖို့ တောင်းဆိုချက်ဟာ မိတ္ထီလာအဖွဲ့ချုပ်က လစဉ်တောင်းဆိုနေတဲ့ ဆုံးဖြတ်ချက်တခုဖြစ်ပါတယ်။ ဘာကြောင့် ဒီဆုံးဖြတ်ချက်ကို စွဲစွဲမြဲမြဲတောင်းဆိုနေရတာလဲ၊ စုံညီ အစည်းအဝေးကနေ ဘယ်လိုအကျိုးရှိမယ်လို့ မျှော်လင့်ထားပါသလဲ ဆိုတာကို ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။

“ကိုယ့်အတွင်းထဲ အချင်းချင်းမှာ ကိုယ့်ပါတီကြီး ကျစ်လစ်ခိုင်မာစွာနဲ့ လုပ်ဆောင်စရာရှိတာကို လုပ်ဆောင်နိုင်ဖို့ အများစုံညီနဲ့ ခေါ်တဲ့အစည်းအဝေးကထွက်လာတဲ့ ဆုံးဖြတ်ချက်တွေ အကြံအဉာဏ်တွေကသာ ပိုပြီးခိုင်မာမယ်၊ ပိုပြီးတော့ အားမာန်ပါမယ်။ ကျမတို့မှာ အင်အားရှိတယ်။ ကျမတို့ တရားဝင်ပါတီကြီးတခုအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်နဲ့စုကို စုစည်းသင့်တယ်။ ကျမတို့အနားပတ်ဝန်းကျင်မှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေလည်းပဲ ကျန်းမာရေး မကောင်းတာတွေ ရှိကောင်းရှိမယ်။ ကျန်းမာရေးမကောင်းသော်ငြား လည်းပဲ ကိုယ့်အဖွဲ့ချုပ်က ဗဟိုကလူကြီးတွေကသာ ခေါ်မယ်ဆိုရင် လာမယ်ဗျာ၊ သွားမယ်ဗျာ၊ ဆိုပြီးတော့ စိတ်ဓါတ်တွေတက်ကြွတယ်။ NLD က ရွေးချယ်ခံထားရတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ တနိုင်ငံလုံးမှာရှိတယ်။ ကျမတို့က တရားဝင်ပါတီကြီးတခုအနေနဲ့ ကျန်နေတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို ခေါ်လို့ရတဲ့အတိုင်းအတာမှာ ခေါ်ပေးစေချင်တယ်။ ခေါ်ပေးခြင်းအားဖြင့် အဖြေတွေ၊ ဘယ်လိုလုပ်သင့်တယ်ဆိုတာတွေပိုပြီးတော့ ဦးနှောက်တွေက ထွက်လာမှာပေါ့နော်။ ကျေးလက်တွေကအနေအထားတွေ၊ နယ်တွေမှာက ဘယ်လိုရှိလဲ၊ လူတွေဘယ်လိုဖြစ်နေလဲ၊ စီးပွားရေးတွေ ဘယ်လိုဖြစ်နေလဲ၊ ကျန်းမာရေး ဘယ်လိုဖြစ်နေလဲ၊ လူတွေရဲ့စားဝတ်နေရေးတွေ လူ့အခွင့်အရေးချိုးဖောက်ခံရတာတွေ အဲ့ဒါတွေကို အားလုံးညှိနှိုင်းဆွေးနွေးတဲ့အခါမှာ ဘယ်လမ်းကြောင်းကို သွားကို သွားသင့်တယ်ဆိုတာမျိုးကို အများနဲ့ ပိုင်းဆုံးဖြတ်ဖို့အတွက် အင်အားပါ တယ်။ ဗဟိုမှာရှိတဲ့ ဒီလူလောက်နဲ့၊ အလုပ်နဲ့ကတော့ အင်အားမပါဘူးလို့ ကျမတို့မြင်လို့ပြောရတာပါ။”

# မြန်မာဒီမိုကရေစီအင်အားစုများ မဟာဗျူဟာအစည်းအဝေး အဆုံးသတ်

**DVB ၊ ဂျန်နဝါရီ ၂၇ ။** ။ အိုင်ယာလန်နိုင်ငံ ဒပ်ဗလင်မြို့မှာ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ NCGUB နဲ့ နိုင်ငံတကာရှိ မြန်မာ့ဒီမိုကရေစီအဖွဲ့အစည်းကိုယ်စားလှယ်တွေရဲ့ မဟာဗျူဟာညှိနှိုင်းဆွေးနွေးပွဲ အဆုံးသတ်ပါပြီ။

၃ ရက်ကြာဆွေးနွေးပွဲကို ယမန်နေ့ညနေကအဆုံးသတ်လိုက်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ စီးပွားရေး၊ လူသားချင်းစာနာမှုဆိုင်ရာအကူအညီစတဲ့ အကျပ်အတည်းပြဿနာတွေကို စုပေါင်းအင်အားနဲ့ ဘယ်လိုပိုင်းဝန်းဖြေရှင်းမယ်ဆိုတာကို ဆွေးနွေးတယ်လို့ NCGUB ဝန်ကြီးတဦးဖြစ်တဲ့ ဦးဘိုလှတင့် ကပြောကြားပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ပြည်တွင်းအင်အားစုတွေကဖြစ်စေချင်တဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်မြောက်ရေး၊ နအဖစစ်အုပ်စုအတည်ပြုထားတဲ့ ၂၀၀၈ ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်နိုင်ရေး၊ ပြည်သူ့လွှတ်တော်ခေါ်ယူရေး၊ တွေ့ဆုံဆွေးနွေးရေး စတာတွေဖြစ်မြောက်ရေးအတွက် ပြည်ပရောက်အင်အားစုတွေက ဘယ်လောက်ပံ့ပိုးဆောင်ရွက်ပေးနိုင်မလဲဆိုတာတွေကိုလေးလေးနက်နက်စဉ်းစားပြင်ဆင်ကြတယ်လို့ ဦးဘိုလှတင့်ကပြောကြားပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုပြန်လည်သုံးသပ်မှုကော်မတီပေါ်ပေါက်ရေးအတွက် မြန်မာပြည်ကို မကြာမီသွားရောက်မယ့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုယ်စားလှယ် မစ္စတာ ဂမ်ဘာရီထံ စာရေးတောင်းဆိုဖို့လည်း ပြင်ဆင်ထားပြီလို့ ဦးဘိုလှတင့်က ပြောပါတယ်။

“အဲဒီအခြေခံပေါ်မှာ နိုင်ငံတကာကတိုက်တွန်းတောင်းဆိုထားတဲ့ တကယ့်ပါဝင်သင့်ပါဝင်ထိုက်သူတွေအားလုံးပါဝင်တဲ့ နိုင်ငံရေးလုပ်ငန်းစဉ်တရပ် ပေါ်လာရေးတွေကို တိတိကျကျတိုက်တွန်းဆောင်ရွက်ခဲ့ဖို့ သဘောထားတွေ ရယူခဲ့ဖို့ဆိုတာတွေကတော့ အဓိကပါဝင်မှာဖြစ်ပါတယ်”

မဟာဗျူဟာညှိနှိုင်းဆွေးနွေးပွဲကိုတက်ရောက်တဲ့ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုများအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် ဒေါက်တာနိုင်အောင်ကလည်း စစ်အုပ်စုရဲ့လမ်းပြမြေပုံ ၇ ရပ်ပါအချက်တွေကို လက်မခံဘူးဆိုတာ တညီတညွတ်တည်းဆုံးဖြတ်ကြပြီး ဘယ်လိုဆက်လက်ဆောင်ရွက်သွားကြမယ်ဆိုတာတွေကို ဆွေးနွေးကြတယ်လို့ ပြောပြပါတယ်။

“ကျနော်တို့အားလုံးထဲမှာ ခိုင်ခိုင်မာမာသဘောတူညီတာက လမ်းပြမြေပုံကိုလက်မခံဘူး၊ ၉၀ ရွေးကောက်ပွဲရလဒ်ကိုအကောင်အထည်မဖော်ဘဲ၊ ၉၀ ရွေးကောက်ပွဲရလဒ်ကို တစုံတရာအသိအမှတ်မပြုဘဲနဲ့ အတင်းလုပ်ဆောင်နေ

**စာမျက်နှာ ၁၂ သို့**

# ဂမ်ဘာရီရဲ့သတ္တမမြောက်ခရီး

**ဦးအောင်ခင်**

**မျက်မှောက်ရေးရာသုံးသပ်ချက်**

ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီကို ဗမာစစ်အစိုးရ ဖိတ်ခေါ်ရတဲ့အကြောင်းရင်းတခုက ကုလသမဂ္ဂနဲ့ပူးပေါင်းဆောင်ရွက်နေတာကို ပြချင်လို့ဖြစ်ပုံရတယ်။ သတင်းမီဒီယာလောကကိုပေါက်ကြားသွားတဲ့ မြန်မာနိုင်ငံကုလသမဂ္ဂအမြဲတမ်းကိုယ်စားလှယ် ဦးကျော်တင့်ဆွေရဲ့လျှို့ဝှက်အစီရင်ခံစာမှာလည်း ဒီသဘောကိုဖော်ပြတာတွေ့ရတယ်။ လျှို့ဝှက်အစီရင်ခံစာ စာမျက်နှာ ၇ က ၁၀ အထိ မစ္စတာဂမ်ဘာရီပါဝင်တဲ့အခန်းကဏ္ဍကို သုံးသပ်တင်ပြထားတယ်။

ဒီဇင်ဘာလ ၅ ရက် သောကြာနေ့ကကျင်းပတဲ့ ကုလသမဂ္ဂအကြီး အကဲဘန်ကီမွန်းရဲ့ မြန်မာ့ရေးရာမိတ်ဆွေများအစည်းအဝေးအကြောင်း ရှင်း ပြချင်လို့ ဂမ်ဘာရီကဖိတ်ခေါ်တာကို ကုလသမဂ္ဂအမြဲတမ်းမြန်မာကိုယ်စား လှယ် ဦးကျော်တင့်ဆွေ၊ ဒုတိယအမြဲတမ်းကိုယ်စားလှယ် ဦးသန်းဆွေနဲ့ ပထမ အတွင်းဝန် ဦးတင်မောင်နိုင် သွားရောက်နားထောင်တာကိုရေးထားတဲ့ လျှို့ဝှက် အစီရင်ခံစာဖြစ်တယ်။

နိုင်ငံတကာခေါင်းဆောင်ဟောင်းတရာကျော်နဲ့ ၈ နိုင်ငံကလွှတ်တော် အမတ်တွေက တောင်းဆိုတာရယ်၊ ကုလသမဂ္ဂအကျိုးဆောင်မှုမှာ မအောင် မမြင်ဖြစ်နေတာရယ်ကြောင့် မြန်မာ့ရေးရာမိတ်ဆွေအစည်းအဝေးကိုကျင်းပရ တာလို့ မစ္စတာဂမ်ဘာရီကရှင်းပြတယ်တဲ့။ မြန်မာ့အရေးမှာ တိုးတက်မှုမရှိ ဖြစ်နေတာကို အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက မချင့်မရဲဖြစ်နေတာမို့ ကုလ သမဂ္ဂရဲ့အကျိုးဆောင်မှုကဏ္ဍကို ခေတ္တရပ်ဆိုင်းထားဘို့ဆိုတဲ့အယူအဆကို တောင် အစည်းအဝေးမှာတင်ပြခဲ့တယ်တဲ့။ ဒါပေမဲ့ ဒီအယူအဆကို တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဗီယက်နမ်၊ စင်္ကာပူ၊ အင်ဒိုနေးရှားနဲ့ ဂျပန်ကလက်မခံတဲ့အတွက် ကုလသမဂ္ဂရဲ့အကျိုးဆောင်မှုကိစ္စကို ရပ်ဆိုင်းဘို့စိတ်မကူးတော့ဘူးလို့ ဂမ်ဘာ ရီကရှင်းပြတယ်တဲ့။

ကုလသမဂ္ဂရဲ့အကျိုးဆောင်မှုကဏ္ဍကို အမေရိကန်၊ ပြင်သစ်နဲ့ ဗြိတိန် တို့ကဝေဖန်ကြပြီး ဗြိတိန်ရဲ့ဝေဖန်ချက်ဟာ အပြင်းထန်ဆုံးလို့ဆိုပါတယ်။ မစ္စတာ ဂမ်ဘာရီကို သူ့ထက်ပိုပြီးဩဇာတိက္ကမရှိသူနဲ့အစားထိုးဘို့ အမေရိကန် နဲ့ အင်္ဂလိပ်က ကြိုးပမ်းတယ်လို့လည်း ဦးကျော်တင့်ဆွေရဲ့လျှို့ဝှက်ချက်အစီရင်ခံ စာမှာဖော်ပြတယ်။ ဒါပေမဲ့ ရုရှားနဲ့အာရှအစိုးရတွေက ဂမ်ဘာရီကိုအပြည့်အဝ ထောက်ခံနေတာကြောင့် လူစားထိုးလို့မရဘဲဖြစ်နေတာပါတဲ့။

စစ်အစိုးရကို လုံခြုံရေးကောင်စီကအရေးမယူနိုင်တဲ့ အဓိကအကြောင်း က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နဲ့ပူးပေါင်းဆောင်ရွက်နေတယ်လို့ တရုတ်၊ ရုရှား၊ ဗီယက်နမ်နဲ့ အင်ဒိုနေးရှားတို့ကယုံကြည်ပြီး မြန်မာဘက်ကရပ်တည် လို့ပဲတဲ့။ ဒါကြောင့် ဗမာစစ်အစိုးရရဲ့ပူးပေါင်းဆောင်ရွက်မှုကိုရရှိတဲ့ ကုလ သမဂ္ဂရဲ့အကျိုးဆောင်မှုအခန်းကဏ္ဍကို မရပ်ဆိုင်းသင့်ဘူးလို့ ဒီနိုင်ငံတွေကယူ ဆတယ်တဲ့။

အဆုံးအဖြတ်ပေးနိုင်တဲ့ခေါင်းဆောင်ပိုင်းနဲ့ တွေ့ခွင့်မရပေမဲ့ မြန်မာပြည် ကိုဝင်ထွက်သွားလာပြီး အမိန့်နာခံရတဲ့ အောက်ပိုင်းကအရာထမ်းတွေနဲ့တွေ့ ဆုံရတာဟာ ဗမာစစ်အစိုးရရဲ့ပူးပေါင်းဆောင်ရွက်မှုကိုရရှိတာပဲဖြစ်တယ်လို့ တရုတ်၊ ရုရှားနဲ့အပေါင်းပါတစုက ယူဆနေပုံရတယ်။ မြန်မာပြည်ခရီးစဉ်ဟာ သူထမ်းဆောင်ရမယ့်တာဝန်ဖြစ်လို့ ခွင့်ပြုချက်ရတိုင်း ဂမ်ဘာရီသွားနေမှာပါ ပဲ။ သူ့ရဲ့ခရီးစဉ်ကို ဗမာစစ်အစိုးရရဲ့ပူးပေါင်းဆောင်ရွက်မှုလို့ တရုတ်၊ ရုရှား၊ ဗီယက်နမ်၊ လစ်ဗျားနဲ့ အာဖရိကနိုင်ငံတွေကယူဆနေသရွေ့ ဗမာစစ်အစိုးရကို ထောက်ခံလိမ့်မယ်လို့ ဦးကျော်တင့်ဆွေကသုံးသပ်တယ်။

လွန်ခဲ့တဲ့ဒီဇင်ဘာလ ၂၈ ရက်ထုတ် Washington Post သတင်းစာ မှာလည်း ဂမ်ဘာရီက ဘန်ကီမွန်းဆီကိုတင်သွင်းတဲ့ လျှို့ဝှက်အစီရင်ခံစာ အကြောင်း ဖော်ပြတယ်။ ဒီလျှို့ဝှက်အစီရင်ခံစာကိုဖတ်လိုက်ရတဲ့ ကုလသမဂ္ဂ ထိပ်တန်းအရာထမ်းရဲ့ပြောဆိုချက်ကိုကိုးကားပြီး ရေးထားတာပါပဲ။ ငွေကြေး ထောက်ပံ့ပြီး ဗမာစစ်အစိုးရကိုစည်းရုံးသိမ်းသွင်းရမယ်ဆိုတဲ့ မဟာဗျူဟာဖြစ် တယ်။ ဖျောင်းဖျပြောဆိုနေရုံနဲ့မပြီးဘဲ လက်တွေ့ခံစားရမယ့်အကျိုးအမြတ်ကို ပြနိုင်ရင် ဗမာစစ်ခေါင်းဆောင်တွေစိတ်ပြောင်းလာလိမ့်မယ်လို့ မစ္စတာဂမ်ဘာ ရီကယူဆနေပုံရတယ်။

နိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်ပေးပြီး ရွေးနှစ်ကျင်းပမယ့်အထွေထွေ ရွေးကောက်ပွဲမှာ အတိုက်အခံတွေပါဝင်နိုင်ရေးအတွက် ဂမ်ဘာရီနဲ့ ကုလသမဂ္ဂ ထိပ်တန်းအရာတန်းတွေက နိုင်ငံတကာအသိုင်းအဝိုင်း (အထူးသဖြင့် တရုတ်နဲ့ အိန္ဒိယ) ကို အကူအညီတောင်းတယ်လို့သိရတယ်။

ကုလသမဂ္ဂရဲ့ထောက်ပံ့ရေးအစီအစဉ်ကို ဗမာစစ်ခေါင်းဆောင်ပိုင်းနဲ့ တွေ့ရတဲ့အခါမှာ ဂမ်ဘာရီကရှင်းပြလိမ့်မယ်လို့ မျှော်လင့်ရတယ်။ ဂမ်ဘာရီ ရှင်းပြတာကို ဗမာစစ်ခေါင်းဆောင်တွေကလက်ခံတယ်ဆိုရင် ကုလသမဂ္ဂအကြီး အကဲဘန်ကီမွန်းကိုယ်တိုင် မြန်မာပြည်ကို ဒုတိယအကြိမ်သွားလိမ့်မယ်လို့ ယူ ဆနိုင်တယ်။ ပြုပြင်ရေးမလုပ်ဘဲ ဖိနှိပ်ညှဉ်းပန်းနေတဲ့ဗမာစစ်အစိုးရကို ငွေကြေး ထောက်ပံ့ဘို့ အမေရိကန်နဲ့ဗြိတိန်က သဘောမတူဘူး။

နိုင်ငံခြားထောက်ပံ့ငွေဟာ စစ်အစိုးရလက်အောက်ခံ ကြံ့ဖွတ်လိုအရပ် သားအဖွဲ့တွေလက်ထဲရောက်မသွားဘဲ တကယ်အကူအညီလိုအပ်နေတဲ့ပြည် သူပြည်သားတွေဆီကိုရောက်သွားဘို့အတွက် ဘယ်ပုံဘယ်နည်းနဲ့ထောက်ပံ့ ရင်ကောင်းမယ်ဆိုတာကို သိနိုင်အောင် ကုလသမဂ္ဂဟာ Denmark, Norway, Netherlands နဲ့ ဂျပန်ကို အကူအညီတောင်းထားတယ်လို့လည်းသိရတယ်။

နိုင်ငံခြားငွေကြေးအကူအညီရရင် ၃ နှစ်အတွင်းဒီမိုကရေစီရနိုင်တယ် လို့ လွန်ခဲ့တဲ့ဆယ်နှစ်လောက်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေပြောဘူးတယ်။ အတိ အကျပြောရင် အစိုးရထုတ် Perspectives မဂ္ဂဇင်းမှာ ၁၉၉၈ ခုနှစ် ဂျူလိုင် လကဖော်ပြတာပါ။ နိုင်ငံခြားကငွေပေးမှ ဒီမိုကရေစီတည်ဆောက်မယ်ဆိုတာ ဟာ မြန်မာပြည်သူပြည်သားတွေကိုဓါးစာခံလုပ်ပြီး ငွေညှစ်သလိုဖြစ်နေတယ်။ တနည်းအားဖြင့်ဆိုရင် ဒီမိုကရေစီစနစ်တည်ထောင်ရင် ဗိုလ်ချုပ်တွေဘုံပျောက် မှာမို့ ဆင်းပေးရင် ဒေါ်လာငွေပေးရမယ်လို့တောင်းနေတာနဲ့ အတူတူပါပဲ။ အမေရိကန်ကငွေပေးရင် မူးယစ်ဆေးဝါးတိုက်ဖျက်ပေးမယ်လို့ ဘိန်းမှောင်ခိုတွေ ပြောဘူးတာကို သွားသတိရမိတယ်။

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်တာ မြန်မာပြည်သားတွေရဲ့လိုအင် ဆန္ဒကိုဖြည့်ဆည်းတဲ့ကိစ္စပါ။ ဒါကို နိုင်ငံခြားငွေကြေးအကူအညီနဲ့ဆက်စပ်ပြီး တွေးတဲ့ စစ်ခေါင်းဆောင်ဟာ မရိုးသားတာထင်ရှားတယ်။ ပြည်သူ့ကိုယ်စား လှယ်အစိုးရတက်လာရင် စီးပွါးရေးဒဏ်ခတ်ပိတ်ဆို့မှုရုပ်သိမ်းပြီး နိုင်ငံခြား အကူအညီ လိမ့်ဝင်လာမှာပါ။ အခုတော့ ဗမာစစ်အစိုးရကို အလိုမရှိလို့ အနောက်တိုင်းအစိုးရတွေကအကူအညီမပေးတာ ရှင်းပါတယ်။

သမတအိုဘားမားနဲ့အပေါင်းပါတွေဟာ ဗမာစစ်အစိုးရကိုဒဏ်ခတ် အရေးယူဘို့ ထောက်ခံခဲ့ကြသူတွေဖြစ်လို့ ငွေကြေးထောက်ပံ့တဲ့အစီအစဉ်ကို စိတ်ဝင်စားမှာမဟုတ်ပါဘူး။ ဗမာစစ်အစိုးရကိုအကိုင်အတွယ်မတတ်ရင် ချေး ပေးသလိုဖြစ်သွားနိုင်တာကို သဘောပေါက်ကြတယ်လေ။

နောက်တချက်က နိုင်ငံတိုင်းမှာစီးပွါးရေးကျဆင်းပြီး ငွေကြေးအကျပ် အတည်းနဲ့ကြုံတွေ့နေရချိန်မှာ မြန်မာပြည်ကိုထောက်ပံ့နိုင်ပါ့မလားဆိုတာ စဉ်း စားစရာပါပဲ။ ငွေကြေးထောက်ပံ့မယ်လို့ကတိပေးရုံနဲ့ ဗမာစစ်ခေါင်းဆောင်ပိုင်း စိတ်ပြောင်းလာအောင် မစ္စတာဂမ်ဘာရီ ဆွဲဆောင်နိုင်မှာမဟုတ်ဘူးလို့သာ ယူဆရပါတယ်။

# အဖွဲ့ချုပ်ရုံးတွင် ဥပဒေရေးရာလူငယ်ပညာပေးဟောပြောပွဲပြုလုပ်

**DVB ၊ ဂျန်နဝါရီ ၂၇ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးချုပ်မှာ မြန်မာနိုင်ငံ ဥပဒေနဲ့ လက်တွေ့ပြဿနာများဆိုတဲ့ ခေါင်းစဉ်နဲ့ လူငယ်ပညာပေးဟောပြော ပွဲတခု ဒီနေ့ပြုလုပ်ပါတယ်။

ဟောပြောပွဲကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်အကူအညီပေးရေးအဖွဲ့ ရန်ကုန်တိုင်းကစီစဉ်တာဖြစ်ပြီး ဗဟိုဥပဒေအထောက်အကူပြုအဖွဲ့ဝင် ရှေ့နေဦးသိန်းညွန့်က ဟောပြောတာပါ။ 'တရားဥပဒေဟာ အိပ်ပျော်နေမယ်၊ ဘယ်တော့မှသေမသွားဘူး'၊ 'ဘုရင်ဟာ ဘုရင်ဖြစ်တဲ့အတွက် မတော်မတရား မလုပ်နိုင်ဘူး' ဆိုတဲ့အကြောင်းအရာတွေကို အဓိကဟောပြောခဲ့တယ်လို့ သိရပါတယ်။ ဒီဟောပြောပွဲကို အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တွေဖြစ်တဲ့ ဦးဝင်းတင်၊ ဦးညွန့်ဝေ၊ ဦးစိုးမြင့်၊ ဦးခင်မောင်ဆွေတို့နဲ့ အဖွဲ့ချုပ်လူငယ် ၂၀၀ ကျော် တက်ရောက်ခဲ့ပါတယ်။ ရှေ့နေဦးသိန်းညွန့်က နိုင်ငံရေးသမားတွေနဲ့ ဒီမိုကရေစီရေးတက်ကြွလှုပ်ရှားသူတွေရင်ဆိုင်နေရတဲ့ ၅၀၅–ခ၊ ၁၄၄ စတဲ့ ဥပဒေပုဒ်မတွေအကြောင်း ရှင်းလင်းဟောကြားသွားတယ်လို့ အဖွဲ့ချုပ် ရန်ကုန်တိုင်း လူငယ်အကူအညီပေးရေးအဖွဲ့ဝင် ကိုအေးနိုင်ကပြောပါတယ်။

"၅၀၅–ခ ဆိုတဲ့ဥပဒေဆိုတာ လွန်ခဲ့တဲ့နှစ်ပေါင်းတရာကျော် မြန်မာပြည်မှာ သီပေါမင်းပါတော်မမူခင်ကတည်းကဥပဒေတဲ့၊ ၁၄၄ ဆိုတာ သီပေါမင်းပါတော်မူပြီးမှ အင်္ဂလိပ်ခေတ်မှာသုံးတဲ့ဥပဒေဆိုတာမျိုးတွေ ရှင်းပြသွားပြီးတော့ တချို့ဥပဒေတွေဟာ ခေတ်နဲ့လျော်ညီမှုမရှိဘူးဆိုတဲ့အကြောင်းတွေကို သူက ပြောပြသွားတယ်။

"အရေးပေါ် စီမံမှုအက်ဥပဒေ ပုဒ်မ ၅–ည အရဆိုရင် လုံခြုံရေးရှုထောင့်တခုတည်းကိုသာကြည့်ပြီးရေးထားတဲ့ဥပဒေတွေဖြစ်တဲ့အတွက် မြန်မာပြည်သူတွေအတွက် တချို့မှာ ဥပဒေအရညှဉ်းပန်းခံရမှုရှိတယ်ဆိုတဲ့အကြောင်းတွေပေါ့"

၁၀–က၊ ၁၀–ခ အရဆိုရင် အခု လက်ရှိထိန်းသိမ်းခံထားရတဲ့ ဒေါ်အောင်ဆန်းစုကြည်ဆိုရင် ဒီဥပဒေတွေအရ ၅ နှစ်ထက်ပိုပြီးတော့ ချုပ်နှောင်ခံရခြင်းမရှိဘူးဆိုတာ ဥပဒေကအတိအလင်းပြဌာန်းထားတဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်ဟာ လက်ရှိဥပဒေအရ လွတ်ကင်းနေပြီဆိုတဲ့အကြောင်းတွေကို ရှင်းပြသွားတယ်။ ၁၉၄၇ နဲ့ ၁၉၇၄ တို့မှာပြဌာန်းခဲ့တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွေ၊ စစ်အုပ်စုလက်ထက်ဥပဒေတွေ၊ တည်ဆဲအမိန့်တွေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ဥပဒေ၊ ရွေးကောက်ပွဲကော်မရှင်ဥပဒေ စတဲ့ ဥပဒေရေးရာတွေကိုလည်း ရှင်းပြသွားတယ်လို့ ပြောပါတယ်။

---

# မြန်မာနိုင်ငံသားတွေအတွက် အိုဘားမား ဘာများလုပ်ပေးမလဲ

**DVB ၊ ဇန်နဝါရီ ၂၅ ။** ။ အမေရိကန်ပြည်ထောင်စုရဲ့ ပထမဆုံးလူမည်း သမ္မတ ဘားရက်အိုဘားမား ဇန်နဝါရီလ ၂၀ ရက်နေ့က ၄၄ ဦးမြောက် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့တာကို တီဗွီဖန်သားပြင်ပေါ်မှာ တော်တော်များများ ကြည့်မိကြမှာပါ။

ဒီပွဲကို ပရိသတ် သန်းချီတက်ရောက်ကာ ကမ္ဘာ့လူဦးရေသန်းပေါင်းများစွာက တီဗွီကနေ စောင့်ကြည့်ခဲ့ပြီး သမ္မတသစ်အိုဘားမားက အမေရိကန်နိုင်ငံအတွက်၊ အထူးသဖြင့် အာဏာရှင်လက်အောက်မှာ ရှိနေဆဲဖြစ်တဲ့ ပြည်တွင်းပြည်ပရှိ မြန်မာနိုင်ငံသားတွေအတွက် အိုဘားမား ဘာများလုပ်ပေးမလဲ ဆိုတာကို မြန်မာတွေ မျှော်လင့်နေကြပါတယ်။ ဒီလိုမျှော်လင့်နေတာကိုအပြစ်မပြောသာပေမဲ့ အဲဒီလိုမျှော်လင့်တာအပြင် အဲဒီပွဲကနေ ဘာများလေ့လာနိုင်ခဲ့သလဲ ဆိုတာကိုလဲ မေးဖို့လိုမယ်ထင်ပါတယ်။ အထူးသဖြင့် အာဏာစွန့်လွှတ်ရတော့မယ့် သမ္မတဟောင်း ဂျော့ချ်ဒဗလျူဘုရှ်၊ သမ္မတသစ်ရွေးကောက်ပွဲမှာ အပြတ်အသတ်ရှုံးနိမ့်ခဲ့တဲ့ ရီပတ်ဘလီကင်ပါတီခေါင်းဆောင် ဂျွန်မက်ကိန်း၊ နောက်တခါ ပါတီတွင်း သမ္မတလောင်းရွေးပွဲမှာ ကပ်ပြီးရှုံးသွားတဲ့ ဟီလာရီကလင်တန် စသဖြင့် လူစုံတက်စုံ အဲဒီအခန်းနားကို တက်ရောက်ခဲ့ပြီး အစိုးရသစ်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ကတိပြုခဲ့တာတွေဟာ တယောက်နဲ့တယောက် စားပွဲတခုတည်းထိုင်ဖို့ ငြင်းနေကြသူတွေ၊ ဝန်ကြီးချုပ်မလုပ်ရလို့ အစိုးရသစ်ထပ်ဖွဲ့မယ်လို့ ပြောနေသူတွေအတွက်တော့ တကယ့်ကို အတုယူလေ့ လာစရာတွေလို့ ယူဆမိပါတယ်။

ဒီအစီစဉ်အတွက် ဆက်သွယ်မေးမြန်းထားတဲ့ ပုဂ္ဂိုလ်တွေကတော့ ရန်ကုန်မြို့မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မီတီဝင် ဦးဝင်းတင်၊ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မီတီ စီအာပီပီ အဖွဲ့ဝင် ဦးအေးသာအောင်နဲ့ ဝါရှင်တန်ကိုရောက်နေတဲ့ နိုင်ငံရေးအကဲခတ်တဦးဖြစ်သူ ဦးအောင်သူငြိမ်းတို့ဖြစ်ပါတယ်။ အိုဘားမားရဲ့ ကျမ်းသစ္စာကျိန်ဆိုပွဲကနေ သူတို့ ၃ ဦး ဘာတွေ လေ့လာခွင့်ရခဲ့သလဲဆိုတဲ့အချက်ကိုမပြောခင် အိုဘားမားဆီက မြန်မာတွေ ဘာမျှော်လင့်သင့်သလဲ ဆိုတာနဲ့ပါတ်သက်ပြီး ဒီလ ၂၁ ရက်နေ့မှာ ဦးအေးသာအောင်က ပြောပါတယ်။

"ဗမာနိုင်ငံနဲ့ပတ်သက်လို့ သိပ်မမျှော်လင့်ပါဘူး။ အမေရိကန်ကတော့ ထုံးစံအတိုင်း ဒီအာဏာရှင်စနစ်အောက်မှာရှိတဲ့ တိုင်းပြည်တွေကို စိတ်ဓာတ်ရေးရာအရ နိုင်ငံတကာအဖွဲ့အစည်းတွေလုပ်တဲ့ လုပ်ထုံးလုပ်နည်းတွေအရတော့ ဆက်လက်ပြီးတော့ အားပေးနေမယ်ဆိုတာတော့ ယုံကြည်ပါတယ်။

"'ဒါပေမယ့် ပိုပြီးတော့ အပြောင်းအလဲတခုဖြစ်အောင် ထူးထူးခြားခြား လုပ်လာလိမ့်မယ်၊ လုပ်နိုင်လိမ့်မယ်လို့တော့ မမျှော်လင့်ပါဘူး၊ အဓိကကတော့ မြန်မာနိုင်ငံရဲ့ အပြောင်းအလဲဆိုတာဟာ ပြည်တွင်းမှာရှိတဲ့ နိုင်ငံရေးအင်အားစုတွေ၊ တိုင်းရင်းသားအင်အားစုတွေနဲ့ ပြည်သူတွေရဲ့ ကြိုးပမ်းဆောင်ရွက်မှု တွေအပေါ်မှာပဲတည်ပါတယ်။"

အပြောင်းလဲဖြစ်လာအောင် ကိုယ်ဘာသာကိုယ် ကြိုးစားရမယ်ဆိုတာမှန်ပေမယ့် ကြိုးစားမယ့်သူတွေ အချင်းချင်းကြား၊ ဒါမှမဟုတ် အဲဒီလူတွေနဲ့ စစ်အုပ်စုအကြား တစားပွဲတည်းထိုင်ပြီးဆွေးနွေးဖို့ အထူးသဖြင့် အိုဘားမားရဲ့ ကျမ်းသစ္စာကျိန်ဆိုပွဲလိုမျိုး ရှုံးသူရော၊ နိုင်သူပါ လူစုံတက်စုံတက်ပြီး အနိုင်ရသူ ကို လက်ခံကြိုဆိုဖို့ ဆိုတာမျိုးကိုတော့ လွန်ခဲ့တဲ့ နှစ် ၂၀ သက်တမ်းအတွင်း မမြင်ရသေးပါဘူး။ ဒီလိုဖြစ်ရတာဟာ အမေရိကန်နဲ့ မြန်မာတို့အကြား အရှေ့အနောက် ယဉ်ကျေးမှုကွာခြားနေလို့လားဆိုတာနဲ့ ပတ်သက်ပြီး ဦးဝင်းတင်က ပြောပါတယ်။

"အမှန်တိုင်းပြောရရင်တော့ ယဉ်ကျေးမှုကွာသွားလို့မဟုတ်ဘူးဗျ၊ စနစ်ကွာနေတာ။ စစ်အစိုးရရဲ့အမြင်ထဲမှာ ကျန်တဲ့လူတွေကို ဖိနှိပ်ချုပ်ချယ်ရမယ့် လူတွေလိုပဲ သဘောထားတယ်။ ကျနော်တို့က အတူတူထိုင်ဖို့၊ အတူတူစကားပြောဖို့။ ဒိုင်ရာလော့ထက်စောပြီး ရှေ့ပိုင်းက ကြေညာချက်တွေမှာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အာဏာလွှဲပြောင်းဖို့ကိစ္စပဲ ကျနော်တို့ပြောတယ်။ အာဏာလွှဲပြောင်းဖို့ကိစ္စလည်း ကျနော်တို့မပြောလို့ မဖြစ်ဘူး။ ရက်ပေါင်း ၆၀ ပြည့်ပြီ ဘာမှလည်းမလုပ်ဘူး၊ လွှတ်တော်သာ ခေါ်ပေးလိုက်မယ်ဆိုရင် ကျနော်တို့နဲ့ အစိုးရနဲ့စသည့် ဆက်ဆံရေးတွေအကုန်လုံးဟာ ကျနော်ထင်တယ် အိုဘားမားပွဲမှာမြင်ရသလိုဟာမျိုး ကျေနပ်စရာကောင်းလောက်တဲ့အနေထားမျိုး မြင်ရမှာပဲဗျ။ ကျနော်ထင်တယ် ယဉ်ကျေးမှုနဲ့တောင်သိပ်မဆိုင်ဘူး၊ စနစ်နဲ့ဆိုင်နေ တာဗျ။"

# အကျဉ်းသားလွတ်မြောက်ရေးတောင်းဆိုချက်ကို ပြည်သူများ ထောက်ခံကြစေလို

**DVB ၊ ဇန်နဝါရီ ၂၉ ။** ။ နိုင်ငံရေးအကျဉ်းသားအားလုံးကိုလွှတ်ဖို့ နအဖကို တိုက်တွန်းထားချက်ကို ထောက်ခံကြောင်း ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ဖော်ထုတ်ပြသကြပါလို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြည်သူတရပ်လုံးကို တိုက်တွန်းတောင်းဆိုလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ဖို့ တိုင်းရင်းသားအဖွဲ့ ၇ ဖွဲ့နဲ့ အဖွဲ့တို့ရဲ့ တောင်းဆိုစာကို ဒီလဆန်း ၁ ရက်မှာ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီထံ ပေးပို့ထားပါ တယ်။ ဒီအထူးကြေညာချက်မှာ “တိုင်းပြည်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးနဲ့အမျိုးသားသွေးစည်းညီညွတ်ရေး ပျက်ပြားနေကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတည်ဆောက်မယ်ဆိုရင် အမျိုးသားသွေးစည်းညီညွတ်ရေး ဟာ မရှိမဖြစ်လိုအပ်ကြောင်း၊ တပ်မတော်အင်အားစုနဲ့ တခြားအဖွဲ့အစည်း အင်အားစုတွေ စည်းလုံးညီညွတ်မှု အရေးပိုကြီးနေပြီဖြစ်ကြောင်း”တို့ကို ရေးသားဖော်ပြထားပြီး “ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိအမြန်ဆုံးလွှတ်ဖို့” တိုက်တွန်းထားပါတယ်။

ဒီကြေညာချက်ကို အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်တို့နဲ့အတူ ဖျက်သိမ်းခံထားရတဲ့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အမျိုးသားလူ့အခွင့်အရေးဒီမိုကရက်တစ်ပါတီ၊ ဇိုမီးအမျိုးသားကွန်ဂရက်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် စတဲ့နိုင်ငံရေးပါတီတွေက ပူးတွဲလက်မှတ်ရေးထိုးထားပါတယ်။ ဒီတောင်းဆိုတိုက်တွန်းချက်ကို ထောက်ခံတဲ့အနေနဲ့ထုတ်ဖော်ပြနိုင်တဲ့ ပုံသဏ္ဍာန်ကို အဖွဲ့ချုပ်ဗဟိုပြန်ကြားရေးအဖွဲ့ဝင်ဒေါက်တာဝင်းနိုင်က ပြောပါတယ်။

“ဝိုင်းဝန်းထောက်ခံဆိုတဲ့နေရာမှာတော့ ပုံစံတော့ အမျိုးမျိုးရှိတာပေါ့ဗျာ။ ကျနော်တို့ ရန်ကုန်တိုင်းစည်းရုံးရေးအဖွဲ့က လုပ်မယ့်ပုံစံကတော့ ကျနော်တို့ တိုင်းထဲမှာရှိတဲ့ မြို့နယ်တွေ၊ စည်းရုံးရေးအဖွဲ့တွေက လက်မှတ်ထိုးပြီးတော့ ဝိုင်းထောက်ခံတဲ့ပုံစံမျိုးလုပ်မယ်။ ထို့အတူပဲ မြို့နယ်စည်းတွေကလည်း ပြည်သူလူထုအတွင်းမှာ တတ်နိုင်သလောက် ကျယ်ကျယ်ပြန့်ပြန့်လက်မှတ်ထိုးထောက်ခံနိုင်ဖို့ ကျနော်တို့ကြိုးစားမယ်။ ဒါကပုံစံတခုပေါ့။ ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် ထောက်ခံလို့ရပါတယ်။ သက်ဆိုင်ရာ တိုင်းနဲ့ပြည်နယ်အလိုက် ညွှန်ကြားလိုက်တာ။”

ဒီနှစ်ဇန်နဝါရီ ၁ ရက်အထိ မြန်မာနိုင်ငံတဝန်း အကျဉ်းထောင်တွေမှာ နိုင်ငံရေးအကျဉ်းသား ၂,၁၆၂ ယောက်ရှိနေတယ်လို့ ထိုင်းအခြေစိုက် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း ထုတ်ပြန်ချက်အရသိရပါတယ်။

နိုင်ငံရေးအကျဉ်းသားများအားလုံးကို လွှတ်ရေးတောင်းဆိုချက်ကို ထောက်ခံရေး ပြည်သူများထံ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နှိုးဆော်ချက်

“ဒေါ်အောင်ဆန်းစုကြည်ကို ခြွင်းချက်မရှိ အမြန်ဆုံးပြန်လည်လွှတ်ပေးခြင်းသည် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရရှိနိုင်မည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ယုံကြည်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်အား ပြန်လည်လွှတ်ပေးခြင်းဖြင့် တိုင်းရင်းသားလူမျိုးစုများ၊ လူထုလူ တန်းစားများအပါအဝင်၊ ပြည်သူလူထုတရပ်လုံး၏ စည်းလုံးညီညွတ်ရေးကိုလည်း ပြန်လည်တည်ဆောက်နိုင်မည်ဟု အလေးအနက်ခံယူပါသည်။ ထို့ကြောင့် နိုင်ငံတော်၏ လိုအပ်ချက်အရနှင့် တိုင်းသူပြည်သား လူအများစု၏ စစ်မှန်သော ဆန္ဒတို့အရ နေအိမ်များတွင် ထိန်းသိမ်းခြင်းခံနေကြရသော အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်နှင့် နှစ်ရှည်လများ ပြစ်ဒဏ်ကျခံနေကြ ရသော သံဃာတော်အရှင်သူမြတ်များ၊ ခွန်ထွန်းဦး၊ မင်းကိုနိုင်အပါအဝင် နိုင်ငံရေး အကျဉ်းသမားများအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးပြန်လည်လွှတ်ပေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နိုင်ငံရေးပါတီ ၇ ပါတီတို့က ၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အထူးကြေညာချက် အမှတ် ၁/၀၁/၀၉ ကို ထုတ်ပြန် ခဲ့ပါသည်။ ဤကြေညာချက်အား တိုင်းသူပြည်သားများက ဝိုင်းဝန်းထောက်ခံ ကြရန် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။”

# ချင်းအမျိုးသားတပ်ဦးကို လူ့အခွင့်အရေးအဖွဲ့က ပြင်းပြင်းထန်ထန်ဝေဖန်

**DVB ၊ ဂျန်နဝါရီ ၂၈ ။** ။ နအဖစစ်တပ်တွေသာမက နအဖစစ်အစိုးရကို လက်နက်ကိုင်တိုက်ခိုက်နေတဲ့ ချင်းအမျိုးသားတပ်ဦး (CNF) ကလည်း ချင်းပြည်နယ်မှာ ချင်းလူထုကို လူ့အခွင့်အရေးချိုးဖောက်နေတဲ့အကြောင်း နိုင်ငံတကာလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ Human Rights Watch က ဒီနေ့ အစီရင်ခံစာထုတ်ပြန်လိုက်ပါတယ်။

‘ကျနော်တို့ဟာ အမေ့ခံလူမျိုးတွေဖြစ်ပါတယ်၊ We Are Like Forgotten People လို့အမည်ရှိတဲ့ ချင်းပြည်နယ်ကလူ့အခွင့်အရေးအခြေအနေတွေကိုဖော်ပြတဲ့စာအုပ်ဟာ စာမျက်နှာ ၉၃ မျက်နှာရှိပါတယ်။ အရင်နှစ်တွေကလို နအဖစစ်သားတွေ ချင်းပြည်နယ်မှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ချည်းသက်သက်ကို ဖော်ပြတာမဟုတ်ဘဲ အခုအစီရင်ခံစာမှာတော့ နအဖစစ်အစိုးရကိုလက်နက်ကိုင်တိုက်ခိုက်နေတဲ့ ချင်းအမျိုးသားတပ်ဦးရဲ့ ချင်းလူထုအပေါ်မှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေကိုလည်း ခေါင်းစဉ်တခုတပ်ပြီး အကျယ်တဝင့်ဖော်ပြထားပါတယ်။

အဲဒီအထဲမှာ ချင်းအမျိုးသားတပ်ဦးလက်နက်ကိုင်တွေ ရွာတွေကိုအဓမ္မငွေကောက်ခံတာတွေ၊ တချို့ကိုခြိမ်းခြောက်တာတွေ၊ ငွေမပေးရင် လူဖမ်းပြီး ငွေပေးမှလွှတ်တာတွေကိုလည်း ချင်းပြည်နယ်အတွင်းရှိ မြို့နယ်အတော်များများက ချင်းလူမျိုးတွေ၊ ခရစ်ယာန်ဘာသာရေးသင်အုပ်ဆရာတွေကိုမေးမြန်းပြီး ဖော်ပြထားပါတယ်။ နယ်စပ်ကျော်ချင်းကုန်သည်တွေဆီက အဓမ္မငွေကောက်ခံတာတွေကိုလည်း ရေးသားထားပါတယ်။ နိုင်ငံတကာလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကထုတ်ပြန်လိုက်တဲ့အစီရင်ခံစာနဲ့ပတ်သက်ပြီး ချင်းအမျိုးသားတပ်ဦး ရဲ့ အထွေထွေအတွင်းရေးမှူး ပူးပေါ်လစမစ်ကပြောပါတယ်။

“နအဖကအသုံးပြုတဲ့ ဘာသာရေးခေါင်းဆောင်တွေ၊ လူမှုရေးခေါင်းဆောင်တွေလည်း အများကြီးရှိပါတယ်၊ နအဖဘက်ကိုလိုက်တဲ့ ကျနော်တို့ပြည်သူတွေက နအဖအလိုအတိုင်းပဲပြောတတ်ပါတယ်၊ တော်လှန်ရေးလုပ်တဲ့နေရာ မှာ နအဖနဲ့ပူးပေါင်းတဲ့ချင်းပြည်သူတွေကို အခုအချိန်မှာ ကျနော်တို့တေးမှတ်ထားတာတွေရှိပါတယ်၊ ကျနော်တို့ကိုယ်ကျိုးအတွက် ပြည်သူတွေကို ပစ္စည်းတွေလုယူတာ၊ အတင်းအဓမ္မရိုက်နှက်တာတော့ မရှိဘူးလို့ ကျနော်ပြောရဲပါတယ်၊ အခုရေးတဲ့အတိုင်းဆိုရင်တော့ နအဖရဲ့ဘက်တော်သားထဲကနေ ထွက်လာတဲ့အသံပါပဲလို့ ကျနော်ပြောချင်ပါတယ်”

ချင်းပြည်နယ်ကနေ အိန္ဒိယဘက်မှာ ဒုက္ခသည်အဖြစ်နေထိုင်သူပေါင်း ၁ သိန်းလောက်ရှိပေမယ့် အိန္ဒိယမှာလည်း သူတို့အတွက် လုံခြုံစိတ်ချမှုမရှိတဲ့အကြောင်းကိုလည်း အဲဒီအစီရင်ခံစာထဲမှာရေးသားထားပါတယ်။ အထူးသဖြင့် ချင်းပြည်နယ်နဲ့နယ်မြေချင်းကပ်နေတဲ့ အနွယ်တူ၊ ကိုးကွယ်ရာဘာသာတူ မီဇိုရမ်းပြည်နယ်မှာလည်း ချင်းဒုက္ခသည်တွေဟာ ဘက်စုံဖိနှိပ်ခံနေရတယ်လို့ ရေးသားထားပါတယ်။ ချင်းပြည်နယ်ထဲမှာ ဝါးသုဉ်းကပ်ဘေးကြောင့် ကြွက်ကောင်ရေပေါက်ဖွားနှုန်းမြင့်မားလာပြီး တောင်ယာနဲ့ သိုလှောင်သီးနှံတွေပါ ကြွက်တွေကကိုက်ဖျက်တဲ့အတွက် စားနပ်ရိက္ခာ ရှားပါးနေတဲ့အကြောင်းကို လည်း အခန်းကဏ္ဍတခုအဖြစ် ရေးသားထားပါတယ်။

# အိုင်ယာလန်တွင်ကျင်းပသည့် လွှတ်တော်အမတ်များညီလာခံနောက်ဆက်တွဲသတင်း

**NEJ ၊ ဇန်နဝါရီ ၂၉ ။** ။ မကြာခင်က အိုင်ယာလန်နိုင်ငံတွင်း ကျင်းပခဲ့တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသမဂ္ဂ MPU ညီလာခံမှာ စင်ပြိုင်အစိုးရကို တိုးချဲ့နိုင်ခဲ့သော်လည်း စစ်အစိုးရရဲ့ကုလသမဂ္ဂသံအမတ် ဖြုတ်ချရေး Credential Challenge ကိစ္စမဲခွဲရာမှာ ဝန်ကြီးရာထူးပေးပြီး ကန့်ကွက်မဲဝယ်ယူမှုများရှိခဲ့တယ်လို့ MPU ဒု–ဥက္ကဋ္ဌက ခေတ်ပြိုင်ကို ပြောပါတယ်။

စစ်အစိုးရရဲ့ ကုလသမဂ္ဂသံအမတ်ဖြုတ်ချရေးကိစ္စ ညီလာခံမှာ မဲခွဲရာ ကန့်ကွက်မဲ ၁၈ မဲ၊ ထောက်ခံမဲ ၁၅ မဲနဲ့ ဒေါက်တာစိန်ဝင်းခေါင်းဆောင်တဲ့ ကန့်ကွက်မဲအုပ်စုက အနိုင်ရသွားတယ်လို့ အမတ်တဦးကပြောပါတယ်။ ဒေါက်တာ စိန်ဝင်း၊ ဦးဘိုလှတင့်နဲ့ စိုင်းဝင်းဖေတို့ကလည်း ရာထူးမှ ထွက်မယ်ဆိုပြီး ခြိမ်း ခြောက်မှုတွေရှိခဲ့တယ်လို့ ပြောပါတယ်။

သို့သော် မူလက စစ်အစိုးရ ကုလသံအမတ်ဖြုတ်ချရေးကို အားတက်သရောထောက်ခံခဲ့တဲ့ အမတ်အချို့ကို တိုးချဲ့စင်ပြိုင်အစိုးရမှာရာထူးတိုးပေးလိုက်တဲ့အတွက် ဘက်ပြောင်းသွားတဲ့ အဲဒီ အမတ်များရဲ့ ကန့်ကွက်မဲကြောင့် အရေးနိမ့်ခဲ့ရခြင်းဖြစ်တယ်လို့ MPU ဒု–ဥက္ကဋ္ဌဒေါ်စန်းစန်းကပြောပါတယ်။

တချိန်က စစ်အစိုးရ ကုလသံအမတ်ဖြုတ်ချရေးကမ်ပိန်းကို အားတက်သရော ထောက်ခံခဲ့သူဖြစ်ပြီး အိုင်ယာလန်ညီလာခံကျမှ ဘက်ပြောင်းပြီး ကန့်ကွက်ပေးခဲ့သူ အမတ် ၂ ဦးမှာ တိုးချဲ့စင်ပြိုင်အစိုးရမှာ ပုပ္ပုန္နေးန္နေး ဝန်ကြီးရာထူးသစ် ခန့်အပ်ခြင်းခံရသူများဖြစ်တဲ့ အမတ်ဦးဝင်းလှိုင်နဲ့ အမတ် ဦးထွန်းဝင်းတို့ဖြစ်တယ်လို့ အမည်မဖော်လိုသူ အမတ်တဦးကပြောပါတယ်။ အဲဒီဘက်ပြောင်းသွားတဲ့ အမတ် ၂ ဦးက စစ်အစိုးရ ကုလသံအမတ်ဖြုတ်ချရေးကိစ္စ အနိုင်အရှုံးကို ဆုံးဖြတ်သွားတယ်လို့ ဒေါ်စန်းစန်းက ယူဆပါတယ်။ ဘက်ပြောင်းသွားတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဦးထွန်းဝင်းအား ဆက်သွယ်ခဲ့သော်လည်း ဖုန်းမကိုင်ခဲ့ပါဘူး။

စစ်အစိုးရ ကုလသံအမတ်ဖြုတ်ချရေးကိစ္စ ကုလသမဂ္ဂသို့ တင်သွင်းမဲ့ အစီအစဉ်ကို ဒေါက်တာစိန်ဝင်းခေါင်းဆောင်တဲ့ ယခင် ၅ ဦးပါ စင်ပြိုင်အစိုးရ (ဟောင်း) က မထောက်ခံခဲ့ပေ၊ ဒါကြောင့် ညီလာခံမတိုင်မီ အုပ်စုအားပြိုင်မှုများ မဲဆွယ်မှုများ မဲဝယ်မှုများရှိခဲ့တယ်လို့ သိရှိရပါတယ်။ ညီလာခံမစခင်ကပင် ဒေါက်တာစိန်ဝင်းအုပ်စုက ဘယ်ကိစ္စဆွေးနွေးမည်၊ ဘယ်ကိစ္စ ကန့်ကွက်မည်ကို ထောက်ခံသူများနဲ့ ကြိုတင်စည်းဝါးရိုက်ထားပြီးဖြစ်တယ်လို့ ဒေါ်စန်းစန်းက စွပ်စွဲပါတယ်။

စစ်အစိုးရ ကုလသံအမတ်ဖြုတ်ချရေး ထောက်ခံတဲ့အမတ်အချို့ ဝန်ကြီးဖြစ်တော့မယ်ဆိုတဲ့သတင်းမှာ ညီလာခံမသွားခင်ကပင် မဲဆောက်နိုင်ငံရေးလောကမှာ သတင်းပျံ့နေတယ်လို့ဆိုပါတယ်၊ ဝန်ကြီးဖြစ်မယ့်သူတဦးကဆိုရင် ဒေါက်တာစိန်ဝင်း ကျေနပ်အောင် စစ်အစိုးရ ကုလသံအမတ်ဖြုတ်ချရေးကိစ္စကို ကန့် ကွက်မှုဖြစ်မယ်ဆိုတာကိုလာပြောကြောင်း ဒေါ်စန်းစန်းက ပြောပါတယ်။

အိုင်ယာလန်မှာ ကျင်းပတဲ့ MPU ညီလာခံကာလအတွင်း အမတ်အချင်းချင်း စကားများပြီး ထိုးကြိတ်သတ်ပုတ်ကြတဲ့အတွက် သွေးထွက်သံယို နဖူးကွဲပြီး ချုပ်ရတဲ့အထိ ဖြစ်ခဲ့ကြောင်း ဒေါ်စန်းစန်းက အတည်ပြုပြောဆိုသော်လည်း မည်သည့်အမတ်များဖြစ်ကြောင်း ပြေဆိုဖို့ ငြင်းဆိုပါတယ်။

သို့သော် ညီလာခံမှာ အမတ် ဦးအောင်ထွန်းစိန်နဲ့ အမတ်ဦးထွန်းဝင်းတို့ နှစ်ဦး ထိုးကြိတ်သတ်ပုတ်မယ့် အခြေအနေအထိရောက်ခဲ့ကြောင်း မျက်မြင်သက်သေများက ပြောသော်လည်း ဘာကြောင့် အခုလို ခိုက်ရန်ဖြစ်ပွားသည်ကိုတော့ ရှင်းရှင်းလင်းလင်းမသိရပေ။

---

# မြန်မာပြည် ဒေသသုံးခု၌ ဆန်ပြတ်လပ်မည်ဟု ကုလသမဂ္ဂ ထုတ်ပြန်ကြေညာ

**DVB ၊ ဇန်နဝါရီ ၂၉ ။** ။ မုန်တိုင်းဘေးသင့်ခဲ့တဲ့ ဒေသအပါအဝင်မြန်မာနိုင်ငံ ဒေသ တချို့မှာ လူ ၆ သန်းကျော်အတွက် အရေးပေါ်ဆန်လိုအပ်ချက်ရှိတယ်လို့ ကုလသမဂ္ဂလက်အောက်ခံ စားနပ်ရိက္ခာအဖွဲ့ ၂ ခုက ထုတ်ပြန်ကြေညာပါတယ်။

နာဂစ်လေမုန်တိုင်းဒဏ်ခံရတဲ့ မြစ်ဝကျွန်းပေါ်ဒေသ၊ ကြွက်ဖျက်ဆီးမှုဒဏ်ခံရတဲ့ ချင်းတောင်တန်းဒေသနဲ့ ရိုဟင်ဂျာအများစုနေထိုင်တဲ့ ရခိုင်ပြည်နယ် အနောက်ပိုင်းဒေသတို့မှာ ဆန်ပြတ်လပ်မဲ့ဘေးရှိတယ်လို့ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ FAO နဲ့ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် WFP တို့ကပူးတွဲကြေညာချက်ကို မနေ့က ထုတ်ပြန်တာပါ။ နာဂစ်ဆိုင်က လုန်းဘေးဒဏ်ကြောင့် ရောဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသမှာ လယ်ယာမြေတွေပျက်စီးကုန်ပြီး စပါးစိုက်ပျိုးရေးမအောင်မြင်တော့လို့ လူတသန်းကျော်ဆန်ပြတ်လပ်မယ်လို့ အဲဒီအစီရင်ခံစာမှာ ဖော်ပြပါတယ်။

ဆန်ပြတ်လပ်မယ်လို့ ကြေညာထားတဲ့ ရခိုင်ပြည်နယ် အနောက်ပိုင်းစွန်းဒေသမှာ အများစုနေထိုင်တဲ့ ရိုဟင်ဂျာတွေကတော့ လှေစီးပြေး ဒုက္ခသည်တွေအဖြစ် နေရင်းဒေသကို အများအပြားစွန့်ခွာနေကြပါတယ်။ ချင်းပြည်နယ်မှာ ဝါးသုဉ်းတဲ့ဘေးနဲ့ တဆက်တည်း ကြွက်တွေ အဆမတန်ပေါက်ဖွားလာပြီး နောက် စားနပ်ရိက္ခာပြဿနာကြုံတွေ့ရနိုင်တယ်လို့လည်း FAO နဲ့ WFP ပူးတွဲကြေညာချက်မှာ ဖော်ပြပါတယ်။ မြစ်ဝကျွန်းပေါ်ဒေသမှ လယ်သမားတဦးပြောပြသည့် အခြေအနေက…

“စပါးစိုက်ပျိုးမှုမအောင်မြင်ဘူး၊ ခါတိုင်းကထွက်တာနဲ့ တခြားစီပေါ့ဗျာ။ ဘာကြောင့် မအောင်မြင်လဲဆိုတော့ ကျွမ်းကျင်တဲ့ လုပ်သားမရှိမှု၊ ကျွဲနွားတွေ သေသွားပြီး ပြန်လုပ်တဲ့အခါကျတော့ ထိပါးမှုမရှိတဲ့ အရိုင်းလူကို စက်နဲ့ပေးလုပ်လိုက်တဲ့အခါကျတော့ တအားဖိလုပ်လိုက်တဲ့အခါမှာ ပျက်စီးမှု၊ ချို့ယွင်းမှုတွေ ပိုများတယ်။ လူတွေလည်း ထိခိုက်မှုတွေတချို့ဖြစ်တဲ့လူလည်းဖြစ်ကြတယ်။ ဆားငန်ရေကလည်း ဝင်တဲ့အခါကျတော့ မြေဟာပျက်သွားတယ်။ နာဂစ်ဖြစ်ပြီးတဲ့ နောက်ပိုင်းမှာ လယ်မြေပေါ့ အပင်က မသန်စွမ်းသလိုမျိုး ဖြစ်သွားတယ်၊ ထင်သလောက်မပေါက်ဘူး။ ခါတိုင်းနှစ်တွေလိုပဲ နိုင်ငံခြားတင်ပို့မှုရှိတယ်ဆိုရင်တော့ မလောက်နိုင်ဘူးလို့ ကျနော်တို့က သုံးသပ်တယ်။ ကျနော်တို့အောက်ခြေမှာ စပါးထွက်ရှိမှုဟာ ခါတိုင်းထက် အများကြီးဆုတ်တယ်။ အခုက ပစ္စည်း မထွက်ဘူး၊ ဈေးမကောင်းဘူး။ ပစ္စည်းမထွက်တာ နည်းနည်းပါးပါးမထွက်တာ မဟုတ်ဘူး၊ တော်တော်ကြီးကိုမထွက်တာ။ စားနပ်ရိက္ခာကတော့ ရေရှည်မှာတော့ ခံရဦးမှာပဲ။ နောက်ပိုင်း မိုးတွင်းကျလာရင်တော့ ခက်ခဲမှုတွေရှိမယ်၊ စားနပ်ရိက္ခာ အခက်အခဲ။”

ချင်းတောင်တန်းမြောက်ပိုင်းကို မကြာသေးမီက လျှို့ဝှက်ကွင်းဆင်းလေ့လာခဲ့သည့် ဇိုမီးချင်းလူ့အခွင့်အရေးအဖွဲ့ ZHRF တာဝန်ခံ မင်းထန်ငါ၏ ပြောပြချက်ကတော့…

“ငတ်ပြတ်မှု ဆက်လက်ကြုံနေရမယ့်အနေအထားရှိတယ်၊ ကြွက်ကြောင့်လေ။ အခုက ဆန်တွေ ကုန်ခန်းနေပြီ။ နိုဝင်ဘာ၊ ဒီဇင်ဘာလမှာတော့ ကောက်တွေရိတ်ပြီးတော့ မတ်လလောက်ဆိုရင်တော့ ပိုပြီးတော့ ဒုက္ခရောက်တော့မယ့်အနေအထားရှိနေပြီ။ တအိမ်တက်တအိမ်ဆင်း ကြည့်ပြီးတော့ သွားတဲ့အခါကျတော့ အိမ်မှာ သူတို့ထားတဲ့ဆန်တွေ မရှိတော့ဘူးဗျာ။”

# ပညာပေးသင်တန်းကို နိုင်ငံရေးသင်တန်းထင်၍ ဝန်ကြီးကပိတ်ပစ်

**DVB ၊ ဇန်နဝါရီ ၂၆ ။** ။ လူမှုရေးအထောက်အကူပြု ပညာပေးသင်တန်းကို နိုင်ငံရေးသင်တန်းအဖြစ်ထင်မှတ်မှားပြီး ဟိုတယ်နဲ့ခရီးသွားလာရေးဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ခေါ်ယူကြိမ်းမောင်းသလို ချက်ချင်းပိတ်ပစ်ဖို့ အမိန့်ပေးခဲ့တယ်လို့ ဆရာဆရာမတွေကပြောပါတယ်။

ဖြစ်ပွားပုံကတော့ နာဂစ်လေဘေးကြောင့်ပျက်စီးခဲ့ရတဲ့ ဧရာဝတီတိုင်း ဖျာပုံမြို့နယ် ကျုံကူကျေးရွာက စာသင်ကျောင်းလေးခုကို ရန်ကုန်တိုင်း သံဃာ့နာယကအဖွဲ့က အကျိုးတော်ဆောင်ဆရာတော် ဦးကောသလ္လဦးစီးတဲ့ လောကစေရိယဖောင်ဒေးရှင်းကလာရောက်လှူဒါန်းမှုနဲ့ ပြန်လည်ဆောက်လုပ်ခဲ့ပါတယ်။ စာသင်ကျောင်းတွေအပြီးမှာ ဆရာတော်က ငြိမ်းဖောင်ဒေးရှင်းကိုအကူ အညီတောင်းပြီး ရွာထဲက ရွာမကျောင်းမှာလုပ်တဲ့ကျောင်းဖွင့်ပွဲမှာ မကြာသေးမီက သင်တန်းတခုလုပ်ခဲ့ကြပါတယ်။ အဲဒီသင်တန်းကို ဆရာ၊ ဆရာမတွေရော၊ရပ်ရွာသားတွေပါ တက်ရောက်စေပါတယ်။ သင်တန်းဖွင့်တဲ့နေ့က ဖျာပုံခရိုင် ခယကအတွင်းရေးမှူးလည်းတက်ရောက်သလို ဆရာတော်လည်းတက်ရောက်ပါတယ်။

ဒီသင်တန်းမှာ ကလေးတွေရဲ့ တကိုယ်ရေသန့်ရှင်းရေး၊ မိလ္လာစံနစ်နဲ့ အိမ်သာသုံးစွဲနည်း၊ လှူဒါန်းထားတဲ့ကျောင်းကို ရေရှည်မှာ ဘယ်လိုပြုပြင်ထိန်းသိမ်းမလဲ စတဲ့ ဘာသာရပ်တွေ ပို့ချခဲ့ပါတယ်၊ အဲဒီလိုသင်တန်းရဲ့ပထမနေ့ ညနေမှာပဲ ဖျာပုံနာဂစ်လေဘေးအကူအညီကွပ်ကဲရေးရုံးက နယ်မြေခံဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သိရှိသွားပြီး သင်တန်းတက်တဲ့ဆရာ၊ ဆရာမတွေကို ကြိမ်းမောင်းခဲ့ပါတယ်။ သူကြိမ်းမောင်းတဲ့ထဲမှာ "ပိုက်ဆံရရင် အကုန်လုံးလုပ်တာပဲလား၊ ကျောင်းလှူတာနဲ့ ဒီလိုသင်တန်းကိုလက်ခံရလား၊ မကျေနပ်ရင် ကျောင်းကိုပြန်ဖျက်ယူသွားဆိုပြီး ကြိမ်းမောင်းပြောဆိုပြီး အဲဒီသင်တန်းကိုဖျက်ခိုင်းတဲ့အတွက် ဖျက်ပေးလိုက်ရပါတယ်၊ အဲဒီသင်တန်းရဲ့ဆိုင်းဘုတ်မှာ "ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးအမြင်ဖွင့်သင်တန်း" လို့ရေးထားတာကို နိုင်ငံရေးသင်တန်းအဖြစ် ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်ကအကြောက်ကြီးပြီး သင်တန်းဖျက်ခိုင်းတာဖြစ်နိုင်တယ်လို့ ဒေသခံတွေကပြောနေကြပါတယ်။

နောက်ရက်တွေမှာလည်း အဲဒီကျောင်းက မူလတန်းကျောင်းအုပ်ဆရာမကြီးကိုယ်တိုင် ဖျာပုံမြို့ပေါ်တက်ပြီး နောက်နောင် ဒီလိုသင်တန်းမျိုးမဖွင့်လှစ်ပါဘူးဆိုတဲ့အကြောင်း ခံဝန်လက်မှတ်ရေးထိုးခဲ့ရပါတယ်။ ဆရာဆရာမတွေအကြားမှာတော့ ဒီကိစ္စဟာ အလှူရှင်ဆရာတော်ရဲ့ဆန္ဒအရ တက်ရောက်ရခြင်းသာဖြစ်ပြီး သင်ကြားတဲ့ဘာသာရပ်တွေဟာလည်း လူထုအကျိုးပြုသက်သက်သာဖြစ်တဲ့အတွက် ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်ရဲ့ ဝန်ထမ်းအချင်းချင်းအနိုင်ကျင့်တဲ့လုပ်ရပ်အပေါ် စိတ်မသက်မသာဖြစ်နေကြတယ်လို့ သိရပါတယ်။

---

# တောင်ဒဂုံတွင် ကြံ့ဖွံ့ အသင်းဝင်စုဆောင်း

**DVB ၊ ဇန်နဝါရီ ၂၅ ။** ။ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ဟာ ရန်ကုန် တောင်ဒဂုံမြို့သစ် ၂၆ ရပ်ကွက် အပိုင် ၃ ပိုင်လုံးမှာရှိတဲ့ ဒေသခံရပ်ကွက်နေပြည်သူတွေကို အသင်းဝင်အဖြစ်သွတ်သွင်းဘို့ မလိမ့်တပတ်နည်းနဲ့ အသင်းဝင်ဖောင်တွေကို မနေ့ကလာရောက်ဖြည့်ခိုင်းနေတယ်လို့ ဒေသခံပြည်သူတွေကပြောပါတယ်။

ရပ်ကွက်အတွင်း လူမှုနေထိုင်ရေးတွေကို အဆင်ပြေချောမွေ့အောင်ဆောင်ရွက်တဲ့ပုံစံမျိုးနဲ့ ကြံ့ခိုင်ရေးအဖွဲ့ဝင်တွေဟာ သူတို့လူနဲ့သူတို့ ကော်မတီဖွဲ့ကာ ရပ်ရွာရေရရှိရေး၊ ခရီးလမ်းချောမွေ့ရေးအတွက် လမ်းဖောက်လုပ်ရေးတို့ကိုဗန်းပြပြီး လျှောက်လွှာဖောင်တွေကို ရပ်ကွက်ထဲက အိမ်ပေါက်စိလိုက်ဝေနေတယ်လို့ဆိုပါတယ်။ သူတို့ဘက်က မလိမ့်တပတ်နည်းနဲ့ ဒေသခံပြည်သူတွေကို အသင်းဝင်ဖောင်ဖြည့်ခိုင်းပုံကို တောင်ဒဂုံမြို့သစ် ၂၆ ရပ်ကွက် ဒေသခံတဦးကပြောပါတယ်။

"ဖောင်ထဲမှာ ဘယ်လိုပါသလဲဆို 'အိမ်ထောင်စုဝင်များနေထိုင်မှုမှတ်တမ်း' ဆိုပြီး ခေါင်းစဉ်တပ်ထားတယ်၊ ဒီဘက်ဇယားကွက်မှာက အသင်းဝင်အခြေအနေ၊ အသင်းဝင်နံပါတ်၊ ဆောင်ရွက်ချက်လက်ကျန်တဲ့၊ ပြီးတော့ ဇယားကွက်တခုမှာက ခရီးလွန်၊ ပြည်တွင်းပြည်ပဆိုပြီး ဖော်ပြထားတယ်"

အစိုးရက မူလသွယ်ပေးထားတဲ့ မိုးရိပ်ချောင်းရေပိုက်လိုင်းကြီးကနေ ရပ်ကွက်နေအိမ်အရောက်သယ်ဘို့အတွက် ကျသင့်မယ့်ပိုက်ဖိုး၊ အလုပ်သမားစရိတ်တွေကို ဒေသခံတွေက အချိုးကျပေးရမှာဖြစ်ပြီး နေ့စဉ်သုံးသမျှရေကို လည်း မီတာနဲ့တွက်ပြီးပေးရမှာဖြစ်ပါတယ်။ ဒီလိုနည်းနဲ့ရေသွယ်ယူချင်တဲ့အိမ်

**စာမျက်နှာ ၁၂ သို့**

---

# စီးပွားရေးအလားအလာ မကောင်းနိုင်

**DVB ၊ ဇန်နဝါရီ ၂၇ ။** ။ ပြည်တွင်းမှာရော နယ်စပ်တွေမှာပါ မြန်မာငွေတန်ဖိုး တက်ပြီး ဒေါ်လာ၊ ဘတ်၊ ယွမ် စတဲ့ ငွေမာဈေးတွေ သိသိသာသာကျဆင်းသွားပါတယ်။ ဒေါ်လာဆိုရင် ပြည်တွင်းငွေလဲဈေးကွက်မှာ ၁,၁၅၀ ကျပ်လောက်ကနေ ၁,၀၉၀ လောက်ထိ ကျဆင်းသွားပါတယ်။

ရက်ပိုင်းအတွင်း မြန်မာငွေဒီလောက်ဈေးတက်ပီး ငွေမာတွေဈေးကျပေမယ့် ပြည်တွင်းမှာ ကုန်ဈေးနှုန်းတွေကတော့ ထူးထူးခြားခြားကျဆင်းတာမတွေ့ရပါဘူး။ ပုံမှန်ကုန်သွယ်ရေးမှာ ပဲအပါအဝင် မြန်မာ့ပို့ကုန်တင်ပို့ရမှု နှေးကွေးကျဆင်းနေချိန်မှာ နိုင်ငံခြားငွေမာတွေ ဈေးကျဆင်းတဲ့ကိစ္စဟာ မြန်မာ့စီးပွားရေးအတွက်မကောင်းပါဘူးလို့ နိုင်ငံတကာစီးပွားရေးသတင်းဂျာနယ် အယ်ဒီတာချုပ် ခင်မောင်ညို (ဘောဂဗေဒ) ကပြောကြားပါတယ်။

"ရေရှည်ဆိုရင်တော့ သိပ်မကောင်းဘူး၊ စီးပွားရေးအရမကောင်းဘူး၊ နိုင်ငံရေးအရပြောရင်တော့ ကိုယ့်ငွေတန်ဖိုးတက်တာ ကောင်းသလိုလိုတော့ရှိတာပေါ့လေ"

လက်လီဈေးကွက်ကတော့ နဂိုကတည်းက အရောင်းအဝယ်နှေးကွေးလေးလံနေတာကြောင့် ဒီငွေကိစ္စကြောင့် ထူးပြီးမဆိုးတော့ပါဘူးလို့ ရန်ကုန်မှအရောင်းအဝယ်သမားတဦးကပြောပါတယ်။ ဆန်နဲ့ စားဆီ ဈေးနည်းနည်းလေးကျတာကလွဲလို့ ကျန် သားငါး၊ သီးနှံ စတဲ့ စားကုန်တွေတော့ ဈေးမကျပါဘူးလို့ ရန်ကုန်ကုန်သည်တဦးကပြောပါတယ်။ လောင်စာဆီဈေးတွေကျပေ မယ့် သယ်ယူပို့ဆောင်စရိတ်တွေမကျတာကြောင့် လက်ကားဈေးကျပေမယ့် အဆင့်ဆင့်သွားတဲ့လက်လီဈေးတွေကမကျတာလို့ ဈေးတက်တော့မြန်ပြီး ဈေးကျဘို့ကျတော့ ကြာနေတတ်တယ်လို့ ကုန်သည်တွေကပြောပါတယ်။

တရုတ်နှစ်သစ်ကူးကာလပေမယ့် အရောင်းအဝယ်တွေကတော့ ဆက်ပြီးအေးနေဆဲပါပဲ။ ၂၀၀၉ ခုနှစ်အတွင်း နေနှစ်ခါကြွတ်မှာဖြစ်ပြီး တနိုင်ငံလုံးက အချိန်အပိုင်းအခြားအလိုက်တွေ့မြင်ကြရမယ်လို့ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက သတင်းထုတ်ပြန်ပါတယ်။ ဇန်နဝါရီနဲ့ဂျူလိုင်မှာ တကြိမ်စီနေကြတ်မယ်လို့ မြန်မာဝေဒသုတေသနအဖွဲ့အပါအဝင် မြန်မာနက္ခတ်ပညာရှင်တွေက ဟောကိန်းထုတ်ပြန်ထားပါတယ်။ အမရပူရတောင်မြို့ကိုအခြေခံပြီး နက္ခတ်ဗေဒတွက်ချက်မှုအရ အခြေခံလူတန်းစားတွေအတွက် စီးပွားရေးမကောင်းဘူးလို့ မန္တလေးအခြေစိုက် နက္ခတ်ဗေဒပညာရှင်တဦးကပြောကြားပါတယ်။

"ဖြစ်မယ့်စီးပွားရေးလက္ခဏာကတော့ အခြေခံလူတန်းစားတွေ စီးပွားပျက်တတ်ပါတယ်၊ စီးပွားရေးဆုတ်ကပ်ပေါ့"

၂၀၁၀ ဇန်နဝါရီမှာ နေတကြိမ်ကြတ်ဦးမှာမို့ မြန်မာပြည်အတွက် စီးပွားရေးအလားအလာမကောင်းဘူးလို့လည်း ဒီပညာရှင်ကတွက်ချက်ပါတယ်။

"နေကြတ်တာကို မြန်မာပြည် သုံးကြိမ်ဆက်တိုက်ခံစားရတဲ့အတွက် ဒီနှစ်တွေမှာ မြန်မာပြည်ရဲ့ကံကြမ္မာကတော့ သိပ်မကောင်းဘူး"။

**ဇန်နဝါရီ ၂၃၊ SHAN ။ ။** နအဖတပ်သည် တပ်လှုပ်ရှားမှုပိုမှန်ပိုမြန်စေမည့် Universal Transverse Mercator (UTM) လမ်းပြမြေပုံစနစ်သစ်ကို စတင်သုံးစွဲနေကြောင်း။

**ဇန်နဝါရီ ၂၃၊ DVB ။ ။** ထောင်၂ နှစ်ခွဲကျခဲ့သူ မိမိ၏သား ထက်စိုးလင်း(NLD လူငယ်)အား အာဏာပိုင်များမှ အကွက်ဆင်ဖမ်းခြင်းဟု မိခင်ဖြစ်သူမှဆို၏။ ထိုအမှုနှင့်ပတ်သက်၍ မြန်မာတွင် တရားစီရင်ရေးစနစ်ယိုယွင်းနေ၍ ဥပဒေအထက်မှလူတန်းစားနှင့် ဥပဒေမဲ့ အပြစ်ခံလူတန်းစားဟူ၍ ၂ မျိုးကွဲပြားနေကြောင်း အမှုစစ်ဆေးစဉ်ရှိခဲ့သူ ဒလ NLD အတွင်းရေးမှူး ဦးထွန်းလွင်မှဆို၏။

**ဇန်နဝါရီ ၂၃၊ JAKARTA-DPA ။ ။** အင်ဒိုနီးရှားသည် မြန်မာမှရေကြောင်းဖြင့်လာသူဒုက္ခသည်များအား နိုင်ငံရေးဒုက္ခသည်ဟု မယုံကြည်ကြောင်းဆို၏။ ကုလသမဂ္ဂဒုက္ခသည်အေဂျင်စီအားလည်း ဒုက္ခသည်များနှင့်တွေ့ ခွင့်ပေးရန် ငြင်းခဲ့၏။ ထိုသူများအား ခိုလှုံခွင့်မပေးဘဲ ပြန်လွှတ်နိုင်ကြောင်း။

**ဇန်နဝါရီ ၂၄၊ UPI ။ ။** ထိုင်းစစ်တပ်မှ ဖမ်းထားသော မြန်မာမှခိုလှုံသူ ၁၂၆ ဦးအား ပင်လယ်ပြင်သို့ ပြန်လွှတ်လိုက်ကြောင်း ထိုင်းမှဆို၏။

**ဇန်နဝါရီ ၂၄၊ NLD RGN ။ ။** ကုလအထူးသံ Mr.Gambari ၏ ယခုလကုန်မြန်မာသို့ခရီးစဉ်သည် အောင်မြင်မည်ဟု မထင်ကြောင်း NLD ဦးဉာဏ်ဝင်းမှဆို၏။

**ဇန်နဝါရီ ၂၅၊ DVB ။ ။** ကြံ့ဖွံ့သည် ရန်ကုန် တောင်ဒဂုံမြို့သစ် ၂၆ ရပ်ကွက်ဒေသခံများအား မလိမ့်တပတ်နည်းဖြင့် အသင်းဝင်အဖြစ်ဖြည့်ခိုင်း၊ ဖြည့်သွင်းနေကြောင်း။

**ဇန်နဝါရီ ၂၅၊ DVB ။ ။** NLD(ဗဟို)သည် လွှတ်တော်ကိုယ်စားလှယ်များခေါ်ယူ၍ ပြည်သူ့ဒုက္ခများ မည်သို့ဖြေရှင်းမည်ကိုဆွေးနွေးရန် မိတ္ထီလာ NLD မှတောင်းဆို၏။

**ဇန်နဝါရီ ၂၅၊ FORT WAYNE ။ ။** မြန်မာမှ ဒုက္ခသည်ခလေးများစွာ ခဲအဆိပ်သင့်မှုဖြစ်ခြင်းကို အာဏာပိုင်များမှ စုံးစမ်းနေကြောင်း။

**ဇန်နဝါရီ ၂၅၊ SPR ။ ။** နာဂစ်မုန်တိုင်းဒုက္ခသည်များအား ကူညီရန် စင်္ကာပူနှင့် မြန်မာကြက်ခြေနီတို့သည် သဘောတူ စာချုပ်ခဲ့၏။

**ဇန်နဝါရီ ၂၆၊ DVB ။ ။** လှည်းကူးမြို့နယ်တွင် ဝိုင်းရိုက်နှက်သူအစား အရိုက်ခံခဲ့ရသူဒေါ်ခင်သိန်း(NLD ဝင်၏မိခင်)နှင့်အကိုဦးတင်မောင်ဝင်းတို့အား ထောင်ချခဲ့ကြောင်း။

**ဇန်နဝါရီ ၂၆၊ DVB ။ ။** တောင်ငူတက္ကသိုလ်ကို စမတ်ယူနီဗာစတီ အမည်ဖြင့် မြန်မာတွင် ခေတ်အမီဆုံး၊ အကြီးဆုံးတက္ကသိုလ်သို့အဆင့်မြှင့်ရန် သတင်းပျံ့နေကြောင်း။

**ဇန်နဝါရီ ၂၆၊ DUBLIN ။ ။** ဒပ်ဗလင်မြို့တွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရနှင့် ပြည်ပမြန်မာ့ဒီမိုကရေစီအဖွဲ့များ မဟာဗျူဟာဆွေးနွေးခဲ့၏။

**ဇန်နဝါရီ ၂၆၊ DVB ။ ။** လူမှုရေးအထောက်အကူပြု ပညာပေးသင်တန်းကို နိုင်ငံရေးသင်တန်းအဖြစ် ထင်မှတ်မှားပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်မှ ခေါ်ယူကြိမ်းမောင်းကာ ချက်ခြင်းပိတ်ပစ်ရန် အမိန့်ပေးခဲ့ကြောင်း ဆရာဆရာမများမှဆို၏။

**ဇန်နဝါရီ ၂၆၊ SHAN ။ ။** နအဖတပ်သည် ရုရှလုပ် လူထမ်း မြေပြင်မှဝေဟင်ပစ်ဒုံးလက်နက် MANPADS ကို ရရှိပြီး လေ့ကျင့်နေကြောင်း။

**ဇန်နဝါရီ ၂၆၊ DVB ။ ။** နိုင်ငံရေးအကျဉ်းသားများအား ကျန်းမာရေးစောင့်ရှောက်မှုလုံလောက်စွာမပေး၍ နိုင်ငံရေးအကျဉ်းသားများအား ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) နှင့် မြန်မာ့အမျိုးသမီးသမဂ္ဂတို့မှ နအဖအား ပြင်းထန်စွာရှုတ်ချ၏။

**ဇန်နဝါရီ ၂၆၊ DVB ။ ။** လယ်အဓမ္မသိမ်းမှုတိုင်ကြားခဲ့၍ နှစ်ရှည်ထောင်ကျနေသူ ဦးဇော်ဌေး လွှတ်မြောက်ရန် ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် ရန်ကုန်ရုံးခွဲမှ ကြိုးပမ်းနေ၏၊

**ဇန်နဝါရီ ၂၇၊ KachinNews ။ ။** ကုလအထူးသံ Mr.Gambari သည် ၂၀၁၀ ရွေးကောက်ပွဲသည် လွတ်လပ်မျှတစေရန် နအဖသို့တွန်းအားပေးရန် KIO မှတိုက်တွန်း၏။

**ဇန်နဝါရီ ၂၇၊DVB ။ ။** ဘိုကလေးမြို့နယ်တွင် သန့်စင်သောက်သုံးရေ ခက်ခဲ၍ ဆားငံရေသောက်သုံးမှုကြောင့် ဝမ်းလျှော၊ဝမ်းပျက်ရောဂါဖြစ်ပွားဆဲ ဖြစ်ကြောင်း။

**ဇန်နဝါရီ ၂၇၊ DVB ။ ။** မောင်းတောနှင့်ဘူးသီးတောင်သို့ ဝန်ကြီးချုပ်ဗိုလ်ချုပ်သိန်းစိန်လာမည်ဆိုပြီးမလာ၍ ကြိုဆိုရန် ယူထားသောမြို့ရွာဒေသခံများအခက်တွေ့ရ၏။

**ဇဖန်နဝါရီ ၂၇၊ DVB ။ ။** ဒေါ်အောင်ဆန်းစုကြည်အား အိမ်တွင်းအကျဉ်းမှလွှတ်ရန် အထူးအယူခံကိစ္စဆွေးနွေးရန် နေပြည်တော်မှခေါ်ကြောင်း ရှေ့နေဦးကြည်ဝင်းမှဆို၏။

**ဇန်နဝါရီ ၂၇၊ Mizzima ။ ။** ဗိုလ်ချုပ်ခင်ညွန့်လက်ထက် အမေရိကတွင် နအဖကို ဆွယ်ပေးသူဦးလင်းမြိုင်၏အမေရိကခရီးစဉ်ကို မြန်မာလှုပ်ရှားသူများမှ စောင့်ကြည့်နေ၏။

**ဇန်နဝါရီ ၂၇၊ DVB ။ ။** နအဖသည် လိုင်စင်မဲ့ကားများကို သိမ်းဆည်းယူပြီး ၂၀၀၈ မှစ၍ စတင်လေလံတင်ရောင်းချနေ၏။

**ဇန်နဝါရီ ၂၇၊ DVB ။ ။** NLD ရုံးချုပ်တွင် မြန်မာနိုင်ငံဥပဒေနှင့် လက်တွေ့ပြဿနာများဆိုသည့်ခေါင်းစဉ်ဖြင့် လူငယ်ပညာပေးဟော ပြောပွဲတရပ် ယနေ့ကျင်းပခဲ့၏။

**ဇဖန်နဝါရီ ၂၈၊ DVB ။ ။** နအဖ၏ ရွေးကောက်ပွဲမတိုင်မီ အရေးတကြီးဖြေရှင်းရမည့်အချက်များရှိသည်ကို ကုလသမဂ္ဂမှ နားလည်ကြောင်း Gambari မှဆို၏။

**ဇန်နဝါရီ ၂၈၊ DVB ။ ။** ချင်းအမျိုးသားတပ်ဦး (CNF) သည် ချင်းလူထုအပေါ်လူ့အခွင့် အရေးချိုးဖောက်နေကြောင်း HUMAN RIGHTS WATCH မှဆို၏။

**ဇန်နဝါရီ ၂၈၊ DVB ။ ။** ရန်ကုန်တိုင်း ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် လယ်ကေ ၆ ထောင်ကို သိမ်းပြီး လယ်မြေတွင်းနေထိုင်သူများကို မောင်းထုတ်ခဲ့ကြောင်း။

**ဇန်နဝါရီ ၂၈၊ DVB ။ ။** ၈၈ကျောင်းသားခေါင်းဆောင်တဦးဖြစ်သူ ကိုမာကီး၏ညီ ကိုဇော်နိုင်ထွန်းအား ရဲဘက်အကျဉ်းသို့ပို့ထားရာ ကျန်းမာရေးစိုးရိမ်နေရကြောင်း။

**ဇန်နဝါရီ ၂၉၊ RFA ။ ။** ကမ္ဘာ့စီးပွားရေးကျဆင်း၍ မြန်မာ့ရေချိုငါးတင်ပို့လုပ်ငန်းလည်း အရှုံးနှင့် ရင်ဆိုင်နေရကြောင်း။

**ဇန်နဝါရီ ၂၉၊ DVB ။ ။** ထိုင်းနယ်စပ် မယ်လဒုက္ခသည်စခန်းတွင်းသို့ ထိုင်းတပ်မှ ရုတ်တရက်ဝင်၍ ဒုက္ခသည်ပိုင် ဆိုင်ကယ် ဖုံး တီဗွီ ကွန်ပျူတာ စသည်တို့ သိမ်းဆီးခဲ့၏။

**ဇန်နဝါရီ ၂၉၊ RFA ။ ။** ထိုင်းတောင်ပိုင်း မဟာချိုင်မြို့နယ်ရှိ မြန်မာရွှေ့ပြောင်းလုပ်သားများသည် ဒေသခံရဲနှင့် မြန်မာမှလူပွဲစားများ၏ အနိုင်ကျင့် ခေါင်းပုံဖြတ်ခံနေရကြောင်း။

**ဇန်နဝါရီ ၂၉၊ DVB ။ ။** နိုင်ငံရေးအကျဉ်းသားအားလုံးအား လွှတ်ပေးရန် တောင်းဆိုချက်ကို ထောက်ခံရန် ပြည်သူများသို့ NLD က တိုက်တွန်းနှိုးဆော်၏။

**ဇန်နဝါရီ ၂၉၊ SHAN ။ ။** ၂၀၁၀ ရွေးကောက်ပွဲကို ရက်ရွှေ့နိုင်ကြောင်း ရှမ်းပြည်နယ်မှ နအဖစစ်တပ်ထိပ်သီးတဦးမှ ယခုလအစောပိုင်းတွင်ဝန်ထမ်းများသို့ဆို၏။

**ဇန်နဝါရီ ၂၉၊ UN ။ ။** နာဂစ်မုန်တိုင်းဒဏ်ဒေသ၊ ချင်းတောင်တန်းနှင့် ရခိုင်ပြည်နယ်နောက်ပိုင်းတို့တွင် ဆန်မလုံလောက်ဖြစ်နိုင်ကြောင်း ကုလစားနပ်ရိက္ခာအဖွဲ့ မှ သတိပေး၏။

**ဇန်နဝါရီ ၃၀၊ DVB ။ ။** မယ်လမုဘုရားပွဲတွင် စစ်သား ၃ ဦး၏ အဓမ္မပြုကျင့်ခံရ ကြောင်း ၁၆ နှစ်သမီးမှတိုင်ကြား၏။ အကြပ်တဦးအားဖ[illegible]ရာတိုင် ဟုဆို၏။

စာမျက်နှာ ၁၃ သို့

# မြန်မာနိုင်ငံရဲ့ အကွဲအပြဲ (Split story) ဇာတ်လမ်းနှင့် လပေါ်မှာယုန်ရုပ်ရေးရအောင်
## (အလံဖြူ၊ အလံနီမှစ၍ "တည်မြဲ၊ သန့်ရှင်း" နှင့် "GUB, UB" တို့၏အကွဲအပြဲဇာတ်လမ်း)

မောင်ပုည (သြစတြေးလျား)

(၁)

'ဆရာမောင်ပုညခင်ဗျား၊ ကျွန်တာတွေခနမေ့ထားပြီး ဆရာနဲ့ ကျနော် အကွဲအပြဲ (Split story) ဇာတ်လမ်းကိုဆွေးနွေးကြရင် မကောင်းဘူးလားဆရာရယ်'

"မောင်ချစ်ဖူးက အကွဲအပြဲတွေဆွေးနွေးရအောင်ဆိုတော့၊ ခေတ်ဟောင်းကအကွဲအပြဲရော၊ ဂါးဒီးယမ်း 'ဦးစိန်ဝင်း' ရဲ့အကွဲအပြဲ (Split story) ဇာတ်လမ်းစာအုပ်ရော ပြန်လည်သတိရစရာပေ့ါကွယ်၊"

'အကွဲအပြဲဇာတ်လမ်းတွေကတော့ ခေတ်ဟောင်းမှာရော၊ ခေတ်သစ်မှာပါ အာဏာရှိရော၊ အာဏာမဲ့ပါ ရှိကြတာကိုးဆရာ'

"ဒါက လူတွေလုပ်တဲ့နိုင်ငံရေးမှာဖြစ်ကြတဲ့အကွဲအပြဲဇာတ်လမ်းပေ့ါ ကွယ်၊ ဘုရားလက်ထက်မှာတော့ ဗုဒ္ဓကိုပြန်လည်ဆန့်ကျင်ပြီး 'ဂိုဏ်းခွဲ' ထူ ထောင်တဲ့ ယောက်ဖတော် 'ဒေဝဒတ်' ဟာ ဂိုဏ်းခွဲဆရာကြီးတဦးပါပဲကွယ်"

'ဟုတ်ကဲ့ဆရာ၊ ရှေးခေတ်ကကွဲကြပြဲကြတာတွေ သိပါရစေဆရာ'

"အကွဲအပြဲအသေးလေးတွေအစား၊ အဓိကအကွဲအပြဲ 'အကြီး' ကိုပဲ ပြောတော့မယ်မောင်ချစ်ဖူး၊ ၁၉၀၆ ခုနှစ်မှာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း 'ဝိုင်အမ်ဘီအေ' (Young Men's Buddhist Association) ကိုဖွဲ့စည်းပြီး အမျိုးဘာသာ သာသနာအကျိုးကို သယ်ပိုးထမ်းဆောင်ခဲ့ကြပါတယ်"

'ဟုတ်ကဲ့ပါဆရာ'

"၁၉၁၁ ခုနှစ်ရောက်တော့ ပထမအကြိမ်ကွန်ဖရင့်ကနေပြီး ၁၉၂၀ ခုနှစ် ၈ ကြိမ်မြောက်ကွန်ဖရင့်မှာတော့ 'ဝိုင်အမ်ဘီအေ' ကနေပြီး 'ဂျီစီဘီအေ' (General Council of Burmese Association) ဆိုပြီး အမည်ပြောင်းလဲခဲ့ပါတယ်၊ အပြည့်အစုံကတော့ မြန်မာနိုင်ငံလုံးဆိုင်ရာမြန်မာအသင်းချုပ်ကြီးပဲဖြစ်ပါတယ်"

'အထင်ကရခေါင်းဆောင်တွေနဲ့ ဖြိတိသျှထံတောင်းဆိုချက်တွေ သိပါရစေဆရာ'

"ဝိုင်အမ်ဘီအေခေတ်က 'ဆာမောင်ကြီး၊ဦးဘဘေ၊ ဒေါက်တာဘရင်' တို့ဖြစ်ခဲ့ကြပြီး ဂျီစီဘီအေခေတ်မှာတော့ 'ဦးချစ်လှိုင်၊ ဦးစိုးသိမ်း၊ ဦးစု' တို့ဖြစ်ကြပါတယ်၊ ၁၉၂၂ ခုနှစ်ရောက်တော့ ဦးချစ်လှိုင်ရဲ့ 'သပိတ်မှောက်ဂျီစီဘီအေ' နှင့် ဦးဘဘေရဲ့ '၂၁ ဦးဂျီစီဘီအေ' ဆိုပြီး စတင်ကွဲကြပါတယ်၊ ၁၉၂၅ ရောက်ပြန်တော့ ဦးချစ်လှိုင်ရဲ့ဂျီစီဘီအေထဲက ဦးစိုးသိမ်းရဲ့ဂျီစီဘီအေ ထပ်ကွဲပါတယ်၊ 'ဆရာစံ' က ဦးစိုးသိမ်းရဲ့ဂိုဏ်းက ထင်ရှားတဲ့ခေါင်းဆောင်တဦးဖြစ်ပါတယ်၊ ၁၉၂၉ ခုနှစ်လည်းရောက်ရော ဦးစိုးသိမ်းရဲ့ဂျီစီဘီအေထဲက ဦးစုရဲ့ဂျီစီဘီအေ ခွဲထွက်လာပါတယ်၊ နောက်ဆုံး ဖြိတိသျှကထုတ်ပြန်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေး ဒိုင်အာခီ (Dyarchy) ကို လက်ခံရေး လက်မခံရေးနဲ့ပတ်သက်ပြီး ဂျီစီဘီအေဟာ အသင်းပေါင်းခြောက်သင်းအထိ ထပ်ကွဲပါလေတော့တယ်"

'နိဂုံးချုပ်လည်းပြောပါဦးဆရာ'

"ဂျီစီဘီအေရဲ့နိဂုံးချုပ်ကတော့ ကိုယ်ပိုင်အုပ်ချုပ်ရေးမှာလည်းမညီမညွတ်၊ ရန်ပုံငွေသုံးစွဲပုံတွေကလည်းရှုပ်ထွေး၊ ၁၉၃၆ ခုနှစ်လည်းရောက်တော့ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားရေးစိတ်ဓါတ်တခုပဲချန်ထားပြီးတော့ ပြီးဆုံးသွားပါလေတော့တယ်"

'ခုလည်း အဲန်စီဂျီယူဘီ (NCGUB) နဲ့ အဲန်စီယူဘီ (NCUB) တို့ ဒီမိုကရေစီမရသေးဘဲနဲ့ ပြီးသွားမှာစိုးလို့ပါဆရာ'

(၂)

"မောင်ချစ်ဖူးရေ ဖြိတိသျှခေတ်ကိုယ်ပိုင်အုပ်ချုပ်ရေး 'ဒိုင်အာခီ' မရဘဲ ဂျီစီဘီအေအသင်းကြီး ကျိုးကြေပျောက်ကွယ်သွားသလို မြန်မာ့သမိုင်းမှာ ဒုတိယမြောက်ကျိုးကြေပျောက်ကွယ်အဲ့ဆဲဆဲကတော့ ဗကပ (ခေါ်) တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီပါပဲကွယ်"

'နားထောင်ပါရစေဆရာ'

"ဗကပကို ပထမဆုံးစတင်တည်ထောင်သူတွေက သခင်အောင်ဆန်း၊ သခင်စိုး၊ သခင်သိန်းဖေ (သိန်းဖေမြင့်)၊ သခင်လှဖေ (ဗိုလ်လက်ျာ)၊ သခင်ဗဟိန်း မစ္စတာဂိုရှယ်နဲ့ မစ္စတာနတ်တို့ဖြစ်ကြတယ်" (ကိုလိုနီခေတ် မြန်မာ့သမိုင်းအဘိဓါန်)

'ဟုတ်ကဲ့ပါဆရာ'

"ဂျပန်ခေတ်ရောက်ပြန်တဲ့အခါ သခင်စိုးဟာ ပါတီကိုဦးစီး၍ ဖက်ဆစ်ဆန့်ကျင်ရေးကိုစည်းရုံးလုပ်ဆောင်တယ်၊ ၁၉၄၄ ခုနှစ်တွင် ပါတီပထမကွန်ဂရက်ကျင်းပ၍ ၁၉၄၅ ခုနှစ်တွင် 'စမ်းချောင်းဗားကရာ' လမ်း၌ ပါတီဆိုင်းဘုတ်တင်နိုင်ခဲ့ပါတယ်၊ ၁၉၄၆ ခုနှစ် ပါတီဒုတိယကွန်ဂရက်မှာ သခင်စိုး၏အိမ်ထောင်ရေးအရှုပ်တော်ပုံကြောင့် ဗကပမှခွဲထွက်ပြီး 'အလံနီကွန်မြူနစ်ပါတီ' ကို ဖွဲ့စည်းပြီး ထိုနှစ်မှာပဲ သခင်စိုးနဲ့အလံနီများ တောခိုကြပါတယ်၊ သခင်သန်းထွန်းနဲ့သခင်သိန်းဖေတို့ရဲ့ဗကပကိုလည်း ဗိုလ်ချုပ်အောင်ဆန်းရှိစဉ်မှာပဲ 'ဖဆပလ' မှထုတ်ပယ်ပစ်လိုက်ပါတယ်၊ ၁၉၄၈ ခုနှစ် မတ်လထဲမှာတော့ ဗကပလည်း တောခိုသူပုန်ထပြီး ပြည်တွင်းစစ်စတင်ပါတော့တယ်"

'ဆက်ပါဦးဆရာ'

"ပြည်တွင်းစစ်ဖြစ်တော့ ဘယ်သူတွေအကျိုးအမြတ်ဖြစ်ကြသလဲ၊ ဗိုလ်နေဝင်းနဲ့စစ်တပ်ပဲ အကျိုးအမြတ်ရှိပါတယ်၊ သခင်သန်းထွန်းကိုလုပ်ကြံသတ်ဖြတ်နိုင်ခဲ့တယ်၊ သခင်စိုးကိုဖမ်းဆီးပြီး ရုံးတင်နိုင်ခဲ့တယ်၊ တရားရုံးမှာ သခင်စိုးဘက်ပြောင်းသွားပြီး အညံ့ခံသွားတော့ သူ့ရဲ့ရှေ့နေဖြစ်သူ မောင်ကိုယု (ရှေ့နေ–စာရေးဆရာ) က 'တရားခံဖြစ်သွားသောရှေ့နေ' ဆိုပြီး စာတအုပ်ရေးခဲ့ ပါတယ်၊ ဒါတွေကိုလဲ (NCGUB) ရော (NCUB) ပါသိကြမှာပါမောင်ချစ်ဖူး"

'ဂျီစီဘီအေအကွဲတုန်းက အသေအကြေမရှိဘဲ ခု ဗကပအကွဲအပြဲကတော့ နှစ်လည်းကြာတယ်၊ အသေအပျောက်လည်းများတယ်ဆရာ'

"ဒါကတော့ လက်နက်ကိုင်တော်လှန်ရေးလည်းဖြစ်တယ်၊ စစ်တပ်နဲ့ လည်း ဗိုလ်နေဝင်းကဖြိုခွဲတော့ အသေအကြေတွေရှိတာပေ့ါမောင်ချစ်ဖူး"

'နောက်ဆုံးအကွဲအပြဲ (Split story) ဇာတ်လမ်းကိုလည်းဆက်ပါဦးဆရာ'

(၃)

"နောက်ဆုံးအကွဲအပြဲကတော့ ဂျီစီဘီအေထက်ရော၊ ဗကပအကွဲအပြဲထက်ပါ ပိုပြီးကြီးကျယ်တဲ့အကွဲအပြဲဖြစ်တယ်မောင်ချစ်ဖူးရဲ့၊ တဘက်က 'န–တင်' လို့ခေါ်တဲ့ (သန့်ရှင်း) ဖဆပလ၊ တဘက်က 'ဆွေ–ငြိမ်း' လို့ခေါ်တဲ့ (တည်မြဲ) ဖဆပလ၊ ဒီအကွဲအပြဲဟာ ဘယ်လောက်ကြီးကျယ်သလဲဆိုရင်"

'ပြောပါဆရာ'

"အာဏာလိုချင်နေတဲ့၊ အာဏာသိမ်းချင်နေတဲ့ ဗိုလ်နေဝင်းကိုသာမက ဘဲ ဗိုလ်နေဝင်းရဲ့သားတပည့်တွေဖြစ်ကြတဲ့ 'စောမောင်၊ သန်းရွှေ' တို့အပြင် 'တင်ဦး၊ ခင်ညွန့်' တို့ကိုပါ အာဏာသိမ်းကွန်ယက်ထဲမှာ ဆွဲယူလိုက်တာဖြစ်ပါတယ်"

**တဘက်သို့**

# ကိုဇော်ငွေးလွတ်မြောက်ရေး ရန်ကုန်အိုင်အဲလ်အိုကြိုးပမ်း

**DVB ၊ ဂျန်နဝါရီ ၂၆ ။** ။ ရန်ကုန်အခြေစိုက် ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် ILO ရုံးခွဲကို အာဏာပိုင်တွေလယ်ယာမြေအဓမ္မသိမ်းတာတိုင်ကြားခဲ့လို့ ထောင်နှစ် ရှည်ကျသွားတဲ့ ဦးဇော်ငွေးလွတ်မြောက်ရေးအတွက် ကြိုးပမ်းနေကြောင်း သိရ ပါတယ်။

အာဏာပိုင်တွေ လယ်မြေအဓမ္မသိမ်းတာကို ILO ကိုတိုင်းကြားခဲ့တဲ့ အတွက် ကိုဇော်ငွေးကို ဒီလ ၂၃ ရက်နေ့က ထောင်ဒဏ် ၁၀ နှစ်ချမှတ်လိုက်တာဖြစ်ပါတယ်။ မကွေးမြို့ တိုင်းတရားရုံးကနေ အဲဒီလိုထောင်ဒဏ်ချမှတ်အပြီး ယာယီအနေနဲ့ မကွေးမြို့ အမှတ် ၁ ရဲစခန်းမှာချုပ်နှောင်ထားပေမယ့် ဘယ်ထောင်ကိုပို့မယ်ဆိုတာကတော့ အခုအထိမသိရသေးပါဘူး။ ကိုဇော်ငွေးနဲ့ အတူ အမှုတွဲတတွဲထဲအဖမ်းခံရတဲ့ မကွေးတိုင်း နတ်မောက်မြို့နယ်က ရွာသား သုံးဦးကိုတော့ ILO ရန်ကုန်ရုံးခွဲတာဝန်ခံ မစ္စတာစတီဖ်မာရှယ်က အာဏာပိုင်တွေကိုပြောဆိုပေးတဲ့အတွက် လွတ်မြောက်သွားပြီဖြစ်ပါတယ်။ ကိုဇော်ငွေး လွတ်မြောက်ရေးအတွက် ဘာတွေလုပ်ဆောင်တာရှိပါသလဲလို့ ILO ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် ရန်ကုန်ရုံးခွဲတာဝန်ခံ စတီဖ်မာရှယ်ကိုမေးမြန်းကြည့်ရာ အခုလိုပြောပါတယ်။

"ကိုဇော်ငွေးနဲ့ပတ်သက်တာကို ILO ကအထူးစိုးရိမ်ရတဲ့ကိစ္စတခုအနေနဲ့သတ်မှတ်ပြီး ကိုင်တွယ်လုပ်ဆောင်နေပါတယ်၊ နအဖစစ်အုပ်စုနဲ့ဆက်သွယ်ပြီး ကျနော်တို့ဆောင်ရွက်နေပါတယ်၊ ဒီကိစ္စက ဆက်လက်ပြီးညှိနှိုင်းနေရတဲ့အဆင့်မှာရှိပါတယ်၊ ကျနော့အနေအထားအရ အတိမ်းအစောင်းမခံတဲ့ကိစ္စတခုဖြစ်လို့ ပြောဘို့မလွယ်သလို နအဖစစ်အုပ်စုနဲ့ညှိနှိုင်းနေတဲ့အဆင့်ကိုလည်း ထိန်းသိမ်းရဦးမှာပါ"

ILO အနေနဲ့ မြေသိမ်း လယ်သိမ်းကိစ္စတွေကိုကိုင်တွယ်ဘို့အတွက် ခက်ခဲတဲ့အကြောင်း စတီဖ်မာရှယ်ကဆက်ပြောပါတယ်။

"ILO အနေနဲ့ မြန်မာနိုင်ငံမှာအဓိကထားလုပ်ဆောင်ရမှာက အဓမ္မလုပ်အားပေးခိုင်းစေမှု ပပျောက်အောင်ဖြစ်ပါတယ်၊ ဒါဟာ ILO ကွန်ဖရင့်က ဆုံးဖြတ်လိုက်တဲ့ လုပ်ဆောင်ရမယ့်ကိစ္စတွေဖြစ်ပါတယ်။ ဒါ့အပြင် အရွယ်မရောက်သူတွေကို ကလေးစစ်သားအသုံးပြုမှုတားဆီးရေးလည်းပါပါတယ်၊ ကျန်တာတွေကတော့ ကျနော်တို့ဆောင်ရွက်နေရပေမယ့် ပေးထားတဲ့လုပ်ပိုင်ခွင့်နဲ့ လွဲနေပါတယ်၊ ဒါပေမဲ့ ကျနော်တို့ တတ်နိုင်သလောက်ဆောင်ရွက်ပေးမှာ ပါ"

ကိုဇော်ငွေးဟာ မကွေးတိုင်း အောင်လံမြို့ကဖြစ်ပြီး နတ်မောက်မြို့နယ်အတွင်း လယ်ယာမြေတွေကို အာဏာပိုင်တွေက စစ်တပ်ပိုင်မြေအဖြစ်သိမ်းပိုက်လိုက်တာကို ILO ကို ဓါတ်ပုံသက်သေတွေနဲ့တကွ တိုင်ကြားခဲ့ပါတယ်။ သူနဲ့ အတူပူးတွဲတိုင်ကြားခဲ့တဲ့ နတ်မောက်မြို့နယ်က ကိုလှစိုးကတော့ နောက်ပိုင်းမှာ အစိုးရသက်သေအနေနဲ့ပြောင်းလဲသွားတဲ့အတွက် အာဏာပိုင်တွေကလွှတ်ပေးလိုက်ပါတယ်။ အာဏာပိုင်တွေဟာ ကိုဇော်ငွေးရဲ့အမှုကို ရှေ့နေလိုက်ပေးဘို့ လုပ်ဆောင်နေတဲ့ လူငယ်ရှေ့နေကိုဖိုးဖြူကိုလည်း အောင်လံမြို့မှာဖမ်းဆီးပြီး အခု မကွေးမြို့ အမှတ် ၁ ရဲစခန်းမှာချုပ်နှောင်ထားပါတယ်။

**တဘက်မှ**

'တကယ်က ဒီမိုကရေစီကိုတည်ဆောက်ဘို့ကြိုးစားသူတွေဟာ "ဦးနု" နဲ့ "အောင်ဆန်းစုကြည်" ပါဆရာ၊ တယောက်ကတော့ ကွယ်လွန်သွားရှာ ပြီ၊ ကျန်တယောက်ကတော့ တဲတဲလေးပါပဲ၊ ခုအချိန်မှာ ဒီမိုကရေစီကလည်း မရသေး၊ ဒါကို NCGUB က "ကိုစိန်ဝင်း" လည်း သိဘို့ကောင်းပါတယ်၊ တဘက်က NCUB လို့ခေါ်တဲ့ မောင်မောင်နဲ့မြင့်သိန်းတို့လည်း သိဘို့ကောင်း ပါရဲ့ဗျာ'

'ပထမရှိနေတဲ့အစိုးရကလည်း "အစိုးရ" ပဲရှိတယ်ဆရာ၊ နောက် အစိုးရတခုဖွဲ့ဘို့လူတွေကလည်း အစိုးရဖွဲ့ရန်သာ လက်တွေ "ယား" နေတယ်၊ ပြောမယ့်ဆိုမယ့်သူတွေမရှိတော့ဘူးလားဆရာရယ်'

"ကိုစိန်ဝင်းရဲ့ NCGUB အစိုးရကိုဖွဲ့တော့ 'မာနယ်ပလော' မှာကိုးကွယ်၊ တကဲ့စေတနာတွေထားကြတဲ့ 'ပဒိုသန်းအောင်' က (ပထမ) ကွယ်လွန်ရှာတယ်၊ ဒုတိယက 'ဘရန်ဆိုင်း' ကွယ်လွန်တယ်၊ တတိယက 'ဗိုလ်ချုပ်မြ' ကွယ်လွန်တယ်၊ စတုတ္ထက 'ကိုတင်မောင်ဝင်း' ကွယ်လွန်တယ်၊ ပဥ္စမက တော့ 'ပဒိုဘသင်' ကွယ်လွန်ပြန်တယ်၊ ဒီကြားထဲ မာနယ်ပလောကလည်း မရှိတော့ပြန်ဘူးလေ"

'ဟုတ်ကဲ့ပါဆရာ'

"အာဏာနဲ့ပတ်သက်တဲ့အကွဲအပြဲက မြန်မာနိုင်ငံတောတွင်းနဲ့ မြို့ပေါ်တွေသာမက နိုင်ငံတိုင်းမှာရှိကြပါတယ်၊ ထိုင်းနိုင်ငံမှာ ခုတလောအခြေအနေ ကဆိုးလှပါတယ်၊ အရှေ့အလယ်ပိုင်းမှာ၊ အာဖရိကမှာ၊ အိန္ဒိယ–ပါကစ္စတန်နဲ့ အာဖဂန်နစ္စတန်မှာ အတောကိုမသတ်ပါဘူး"

'ဒါနဲ့ဆရာ နအဖရဲ့ ၂၀၁၀ ခုရွေးကောက်ပွဲကိုဝင်မယ့်သူတွေရဲ့ သတင်းတပုဒ် အင်တာနက်မှာတွေ့လိုက်ရတယ်ဆရာ'

"ဘာတွေများလဲမောင်ချစ်ဖူးရဲ့"

'၂၀၁၀ ခုနှစ်ရွေးကောက်ပွဲပြီးရင် အာဏာလွှဲပြောင်းပေးရမယ်တဲ့၊ ရွေးကောက်ပွဲပြီးလို့မှ အာဏာမလွှဲပြောင်းပေးရင် "မဲဆောက်" ကိုထွက်လာပြီး အစိုးရသစ်တရပ်ဖွဲ့စည်းမယ်တဲ့ဆရာ'

"ဩော် လပေါ်မှာယုန်ရုပ်ရေးသလို မယုံတဝက် ယုံတဝက်နဲ့ ယုံရခက်ကြီးပါလားနော်"

# ဝန်ကြီးချုပ်ကြောင့် ရွာသားများဒုက္ခရောက်

**DVB ၊ ဂျန်နဝါရီ ၂၇ ။** ။ ဘင်္ဂလားဒေ့ရှ်နယ်စပ်အနီးက ရခိုင်ပြည်နယ်၊ မောင်းတောမြို့နဲ့ ဘူးသီးတောင်မြို့တွေကို ကြိုတင်ကြေညာထားတဲ့အတိုင်း မနေ့က နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်သိန်းစိန်ရောက်မလာလို့ ကြိုဆိုရေးအတွက် မြို့ပေါ်ကိုအဓမ္မခေါ်ယူထားတဲ့ မြို့နယ်အတွင်းကရွာသားတွေ ဒုက္ခရောက်ကြကြောင်း သိရပါတယ်။

ဗိုလ်ချုပ်သိန်းစိန်နဲ့အဖွဲ့ ဘာကြောင့်မလာတာလဲဆိုတာကို မသိရပေ မဲ့ မနေ့က ဘူးသီးတောင် မောင်းတောနယ်ဘက်မှာ တိမ်ထူထပ်ပြီး မြူနှင်းတွေကျနေလို့ ရဟတ်ယာဉ်ဆင်းဘို့မလွယ်တာကြောင့်ဖြစ်နိုင်တယ်လို့ ထင်ကြေးပေးနေကြပါတယ်။ ဒါပေမဲ့ ကြိုဆိုရေးအတွက် မြို့ပေါ်ကိုရောက်နေတဲ့ ကျေးရွာအသီးသီးကစုထားတဲ့ရွာသားတွေကို အာဏာပိုင်တွေကဘာမှမပြောဘဲ တနေကုန်ထိုင်စောင့်ခိုင်းထားကြောင်း ဒေသခံတဦးကပြောပါတယ်။

"ဒီဘက်မှာက ဆင်းရဲသူဆင်းရဲသားတွေကများတယ်၊ နေ့စဉ်အလုပ်လုပ်မှစားရတယ်၊ သူလာမယ်ဆိုတော့ သူ့ကို တကူးတကသွားပြီးတော့ကြိုရ တယ်၊ သူ့ကိုစောင့်ပြီး ချက်စားတယ်ပေါ့၊ အလုပ်တရက်ပျက်တာနဲ့ တရက် သူတို့အတွက် အနှောင့်အယှက်ဖြစ်တယ်လေ၊ ၂၆ ရက်နေ့ မနက် ၁၀ နာရီ လောက်မှာစောင့်နေတာ ညနေ ၄ နာရီလောက်မှာ အဲဒီလူတွေကိုပြန်လွှတ်လိုက်တယ်၊ ထမင်းမကျွေးဘူး"

အလားတူ မြို့ပေါ်နဲ့ကျေးရွာတွေမှာ လုံခြုံရေးအတွက် စစ်သားတွေအများအပြားချထားသလို ကျေးရွာအသီးသီးက ပြည်သူ့စစ်တွေကိုလည်း စစ်သားတွေနဲ့အတူ မေယုတောင်တန်းတလျှောက်မှာ တပ်ဖြန့်ထားတယ်လို့ သိရပါတယ်။ ထပ်မံစုံစမ်းသိရှိချက်အရ ဗိုလ်ချုပ်သိန်းစိန်ဟာ စစ်တွေမြို့နဲ့ ရသေ့တောင်မြို့ကိုတော့ ရဟတ်ယာဉ်တွေနဲ့လာရောက်သွားကြောင်း သိရှိရပါတယ်။

# အယူခံကို တိုင်းတရားရုံးက လက်ခံ

**DVB ၊ ဇန်နဝါရီ ၂၉ ။** ။ မန္တလေးအိုးဘိုထောင်မှာ ကိုယ်ဝန်ပျက်ကျခဲ့ရတဲ့ နိုင်ငံရေးအကျဉ်းသူ မကေသီအောင်အတွက် အယူခံကို မန္တလေးတိုင်းတရားရုံးက လက်ခံထားလိုက်ပြီလို့ အကျိုးဆောင်ရှေ့ နေက ပြောပါတယ်။

ထောင်ဒဏ် ၂၆ နှစ်ကျခံနေရတဲ့ မကေသီအောင်ဟာ ထောင်တွင်းမှာ မကြာသေးခင်က ကိုယ်ဝန်ပျက်ကျပြီး နလုံးဝေဒနာပါ ခံစားနေရပါတယ်။ တိုင်းတရားသူကြီးက အမှုတွဲတွေကို ခေါ်ယူကြည့်ရှုပြီးရင် အကျိုးဆောင်ရှေ့နေနဲ့ ဥပဒေအရာရှိတို့ တဖက်စီအပြန်အလှန်လျှောက်လဲချက်တွေ ပေးရဦးမှာလို့ ရှေ့နေ ဦးမြင့်သွင်က ရှင်းပြပါ တယ်။

"ကျနော်တို့က ဥပဒေနဲ့အညီ ပြစ်ဒဏ်လျှော့သင့်ကြောင်း၊ လွှတ်သင့်တဲ့အကြောင်း ဥပဒေနဲ့အညီ လျှောက်လဲရမှာပါ။ တရားသူကြီးက လျှော့သင့်ရင်လျှော့မယ်၊ လွှတ်သင့်ရင်လွှတ်မယ်၊ ပလပ်သင့်ရင်လည်း ပလပ်မယ်၊ သူက ဥပဒေနဲ့အညီ အမိန့်ပြန်ချပေးမှာဖြစ်ပါတယ်။"

အထက်ဗမာပြည် ဗကသကျောင်းသား ကိုထွန်းထွန်းရဲ့ဇနီး မကေသီအောင်ကို စစ်အုပ်စုအာဏာပိုင်တွေက မတရားသင်းအက်ဥပဒေစတဲ့ ပုဒ်မ တွေနဲ့ တရားစွဲပြီး ထောင်ဒဏ် ၂၆ နှစ် ပြစ်ဒဏ်ချမှတ်ထားတာပါ။

---

# ၁၆ နှစ်အရွယ် မိန်းကလေးကို စစ်သား ၃ ဦးက မုဒိမ်းကျင့်

**DVB ၊ ဇန်နဝါရီ ၂၉ ။** ။ အသက် ၁၆ နှစ်အရွယ် မိန်းကလေးတဦးကို စစ်သား သုံးယောက်က အဓမ္မပြုကျင့်မှုကို မြောက်ဥက္ကလာရဲစခန်းမှာ တိုင်ချက်ဖွင့်ထား ပါတယ်။

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားပွဲကာလ ဒီလ ၂၀ ရက် ညသန်းခေါင်မှာ ရထားသံလမ်းအနီး အပေ့ါစွန့်ဖို့သွားစဉ်မှာ အဓမ္မပြုကျင့်တာလို့ ကာယကံရှင်မိန်းကလေးက တိုင်ချက်ဖွင့်ထားတာပါ။ အခင်းဖြစ်တာကို တွေ့ရှိတဲ့ သံဃာတော်တချို့က အဲဒီမိန်းကလေးကို ဘုရားပွဲကွပ်ကဲရေးရုံးကို ပို့ဆောင်ပေးပြီးနောက် ထွက်ပြေးသွားတဲ့ စစ်သား ၃ ဦးနောက်ကို လိုက်ရာမှာ တံတားလေးဘုတာရုံအနီးရှိ အမှတ် ၄၃၅ စစ်သားစုဆောင်းရေးတပ်က တပ်ကြပ်ကြီးသန်းကြိုင် (အသက် ၄၆ နှစ်) ကို ဖမ်းဆီးရမိပါတယ်။

တပ်ကြပ်ကြီး သန်းကြိုင်က "တိုင်ချင်ရာတိုင်" လို့အော်ဟစ်ကြိမ်းမောင်းတာကြောင့် ရဲတွေနဲ့အချင်းများပြီး ပွန်းပဲ့ဒဏ်ရာတချို့ရရှိပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ မြောက်ဥက္ကလာပရဲစခန်းကို မေးမြန်းရာမှာ တာဝန်ကျရဲအရာရှိတဦးက မုဒိမ်းမှု ပုဒ်မ ၃၇၆ နဲ့ တိုင်ချက်ဖွင့်ထားတယ်လို့ ဖြေပါတယ်၊ တပ်ကြပ်ကြီးသန်းကြိုင်ကိုသာမိထားပြီး ကျန် ၂ ဦးကိုမမိသေးသလို ဆေးစစ်ချက် အဖြေမသိရသေးဘူးလို့ ရဲအရာရှိက ပြောပါတယ်။ ရဲစခန်းမှာထိန်းသိမ်းထားတဲ့ တပ်ကြပ်ကြီးသန်းကြိုင်ကို စစ်သားစုဆောင်းရေးတပ် ၄၃၅ က ဒီလ ၂၁ ရက်က တည်းက လာရောက်ခေါ်ဆောင်သွားတယ်လို့ ဖြေဆိုပါတယ်။

---

# ရန်ကုန်တွင် ထူးထူးခြားခြား မြူနှင်းများကျ

**DVB ၊ ဂျန်နဝါရီ ၂၈ ။** ။ ရန်ကုန်မြို့ ကမ်းနားလမ်းတလျှောက်မှာ ဒီနေ့မနက် ပိုင်းက ထူးထူးခြားခြား မြူနှင်းတွေကျတဲ့အတွက် ယာဉ်အသွားအလာ ခေတ္တ ရပ်ဆိုင်းသွားကြောင်း မြို့ခံတွေကပြောပါတယ်။

ဒါဟာ နှစ်ပေါင်း ၅၀ ကျော်အတွင်းမှာ ပထမဆုံးမြင်တွေ့ရတာလို့ ရန်ကုန်မြို့ခံတချို့ကပြောပါတယ်။ ဒီနေ့မနက် ၅ နာရီက မြူနှင်းတွေစကျတာ ဖြစ်ပြီး မှောင်မည်းနေတဲ့အတွက် ပင်လယ်ဘက်ပိုင်းမှာ လှေသင်္ဘောတွေ အသွားအလာရပ်ဆိုင်းသွားတယ်လို့ပြောပါတယ်။

# ဒေါ်ဝင်းမြမြ တရားရုံးမှာအယူခံတင်

**DVB ၊ ဇန်နဝါရီ ၂၉ ။** ။ မန္တလေးအိုးဘိုထောင်မှာအကျဉ်းကျနေတဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် မန္တလေးတိုင်း စည်းရုံးရေးကော်မတီဝင် ဒေါ်ဝင်းမြမြ အပါ အဝင် ၆ ဦးအတွက် အယူခံကို တရားရုံးချုပ်မှာ ဒီနေ့တင်လိုက်ပြီလို့ အကျိုး ဆောင်ရှေ့နေ ဦးမြင့်သွင်က ပြောပါတယ်။

"နောက် သုံးပတ်လေးပတ်လောက်နေရင် လက်ခံရေးလျှောက်လဲချက် ပေးရဦးမှာပါ။ လက်ခံပြီးမှ သူတို့က အမှုခေါ်ပြီးတော့ သုံးပတ်လေးပတ်လောက် နေမှ သီးသန့်လျှောက်လဲချက် ထပ်ပေးရပါတယ်၊ အဲ့ဒါပြီးမှ အမိန့်ချတာပါ။"

ဒေါ်ဝင်းမြမြအပါအဝင် အဖွဲ့ချုပ် မန္တလေးတိုင်း ဒု-ဥက္ကဋ္ဌ ဦးသန်းလွင်၊ စည်းရုံးရေးကော်မတီဝင် ဦးကံထွန်း၊ ကျောက်ပန်းမြို့နယ်က ကိုဝင်းရွှေ၊ မိတ္ထီလာမြို့နယ်က ကိုတင်ကိုကိုနဲ့ မိုးကုတ်မြို့နယ်က ကိုမင်းသူတို့အတွက် အယူခံ တင်ပြလိုက်တာပါ။ ၂၀၀၇ စက်တင်ဘာ ရွှေဝါရောင်တော်လှန်ရေးကာလမှာ မေတ္တာပို့ သံဃာတွေကို ရေကပ်လှူတာ၊ အဖွဲ့ချုပ်မြို့နယ်စုံညီအစည်းအဝေးမှာ ပြောဆိုတာစတာတွေကို အာဏာပိုင်တွေက အသံခိုးဖမ်းပြီး နိုင်ငံတော်အကြည်အညိုပျက်စေမှုစတဲ့ပုဒ်မတွေနဲ့ အောင်မြေသာဇံမြို့နယ်တရားရုံးမှာတရားစွဲပြီး ထောင်ဒဏ် ၂ နှစ် ကနေ ၁၃ နှစ်ထိ ချမှတ်ခဲ့ပါတယ်။ သူတို့ခြောက်ဦးအတွက် အယူခံတွေကို ခရိုင်၊ တိုင်း စတဲ့အဆင့်တွေကို အယူခံတင်ခဲ့ရာမှာ အကျဉ်းနည်းနဲ့ပယ်ချခံခဲ့ရပါတယ်။

---

**စာမျက်နှာ ၃ မှ**

တဲ့ကိစ္စတွေကို ကျနော်တို့လက်မခံဘူး။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံကိုလည်း လက်မခံဘူး၊ ၂၀၁၀ ရွေးကောက်ပွဲကိုလည်း တွေ့ဆုံဆွေးနွေးအဖြေရှာမှုမရှိရင် ကျနော်တို့လက်မခံဘူးဆိုတဲ့သဘောထားကတော့ ကျနော်တို့ တညီတညွတ်တည်းဖြစ်နေပါပြီ"။

---

**သတင်းပြက္ခဒိန်မှ**

**ဇန်နဝါရီ ၃၀ ၊ Nation** အာဘော် ။ ။ အာရှနှင့် အာဆီယံတို့သည် နအဖစစ် ဗိုလ်ချုပ်များ၏ ဖိနှိပ်ရက်စက်မှုများကို မေ့နေကာ သဘောထားမပြည့်၍ မြန်မာမှ ဒုက္ခသည်များရက်စက်မှုမျိုးစုံခံနေကြောင်း။

**ဇန်နဝါရီ ၃၀ ၊ DVB** ။ ။ သံဃာ့ဆန္ဒပြပွဲအတွက် အင်းစိန်တွင် အကျဉ်းကျနေသူ သစ္စာသရဏကျောင်းမှ ဦးအာနန္ဒာ(၆၁နှစ်၊ ဝါတော်၄၀)သည် ၂၂ ရက်နေ့တွင် ပျံလွန်ခဲ့၏။

**ဇန်နဝါရီ ၃၀ ၊ Mizzima** ။ ။ မိမိတို့ရှမ်းအဖွဲ့သည် ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရွေးနိုင်ရန် အဖွဲ့ ဖွဲ့ထားကြောင်း ဦးရွှေအုန်း (၈၀၊ ၆၀နှစ်) မှဆို၏။

**ဇန်နဝါရီ ၃၀ ၊ UN** ။ ။ မိမိပြည်သူကိုနှိပ်စက် မတရားလုပ်သူအစိုးရမျိုးကို အမေရိကန်မှလိုသလိုအရေးယူရန်တာဝန်ရှိသည်ဟု အမေရိကန်၏ ကုလကိုယ်စားလှယ်မှ ဆို၏။

**ဇန်နဝါရီ ၃၀ ၊ Irrawaddy** ။ ။ ရိုဟင်ဂျာများ ထိုင်းသို့ထွက်ပြေးခိုလှုံမှု နည်းစေရန် ကြိုးပမ်းမည်ဟု နအဖမှ ထိုင်းသို့ဆို၏။

**ဇန်နဝါရီ ၃၀ ၊ RFA** ။ ။ ညောင်ဦးတွင် နိုင်ငံရေးအကျဉ်းကျနေသူ HRDP အဖွဲ့ဝင် နိုင်ငံရေးအကျဉ်းကျ ကိုမျိုးသန့်နှင့် နိုင်ငံရေးအကျဉ်းကျနေသူများသည် ရာဇဝတ်သားများထက် အခွင့်အရေးများပိုနည်းနေကြောင်း။

# သတင်းတိုထွေဖတ်စရာကဏ္ဍ ကျော်စိုးကွေး




## နော်ဝေးနှင့်ဒိန်းမတ်ဝန်ကြီးများမြန်မာပြည်ခရီး

နော်ဝေးပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးနဲ့ ဒိန်းမတ်ဖြိုးတိုးတက်ရေးဝန်ကြီးတို့ဟာ မြန်မာပြည်ကို သွားရောက်ခဲ့တယ်လို့သိရပါတယ်။ လူသားချင်းစာနာထောက်ထားတဲ့အကူအညီကိစ္စနဲ့ပတ်သက်ပြီးသွားရောက်တာဖြစ်ပြီး မြန်မာပြည်က ကြက်ခြေနီအဖွဲ့နဲ့တွေ့ဆုံခဲ့ပါတယ်။ အီးယူအဖွဲ့ဝင်ဖြစ်တဲ့ နော်ဝေး နိုင်ငံက ဝန်ကြီးတဦး မြန်မာနိုင်ငံကို သွားရောက်တာဟာ အီးယူရဲ့မြန်မာပြည်ဆိုင်ရာဆုံးဖြတ်ချက်ကို ဖောက်ဖျက်ရာရောက်တယ်လို့ ဗြိတိန်ရှိ မြန်မာ့အရေးလှုပ်ရှားသူများက စွပ်စွဲလိုက်ပါတယ်။ နော်ဝေးက လူသာချင်းစာနာထောက်ထားတဲ့ကိစ္စနဲ့သွားတာလို့ ဆိုပါတယ်။ **(IRRAWADDY, BBC, 28.1.2009)**

---

## ဝ နှင့် နအဖတို့အကြားတင်းမာဆဲ

ဝ တွေထိန်းချုပ်ထားတဲ့နယ်မြေထဲကို နအဖဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ဆီကနေ လက်နက်တွေသိမ်းဆည်းခဲ့တဲ့ အတွက် ဝ နဲ့ နအဖတို့အကြား တင်းမာမှုတွေ ဆက်ရှိနေဆဲပါပဲ။ ဝ က သူ့ရဲ့ကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေမှာ အစိုးရအဖွဲ့နာမည်တပ်ပြီး တည်ထောင်ထားပါတယ်။ နအဖကိုယ်စားလှယ်အဖွဲ့က ၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး မဲပေးဖို့ကိစ္စတွေအတွက် လာရောက်တာဖြစ်ပါတယ်။ **(IRRAWADDY, 28.1.2009)**

---

## ဆိုင်ကလုန်းနှင့် ရိက္ခာအကျပ်အတည်း

မနှစ်ကတိုက်ခတ်ခဲ့တဲ့ ဆိုင်ကလုန်းမုန်တိုင်းရဲ့အကျိုးသက်ရောက်မှုအဖြစ်နဲ့ မြန်မာနိုင်ငံဟာ ရိက္ခာမလုံလောက်တဲ့အကျပ်အတည်းနဲ့ကြုံမယ်လို့ ကုလသမဂ္ဂအစီရင်ခံစာတစောင်က ဆိုပါတယ်။ မြန်မာနိုင်ငံတွင်းမှာ အရေးပေါ်စားနပ်ရိက္ခာတန်ချိန် ၁၈၅၀၀၀ လောက်လိုအပ်မယ်လို့ ကုလသမဂ္ဂရဲ့အဆိုအရ သိရပါတယ်။ မြန်မာပြည်ကအဆင်းရဲဆုံးပြည်သူတွေနဲ့ ထိခိုက်အလွယ်ဆုံးသောပြည်သူတွေ ရိက္ခာအကျပ်အတည်းဒဏ်ခံရမယ်လို့ ကုလသမဂ္ဂပြောပါတယ်။ **(AP, 28.1.2009)**

---

## ချင်းပြည်သူများနှိပ်စက်ခံနေရ

နယူးယောက်အခြေစိုက် လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့ က ချင်းပြည်နယ်မှာ ချင်းတိုင်းရင်းသားတွေဟာ အဓမ္မလုပ်အားစေခိုင်းခံရ၊ အနှိပ်စက်ခံရ၊ အကျဉ်းရုံးသတ်ဖြတ်ခံရ၊ ဘာသာရေးအရနှိပ်ကွပ်ခံနေရတယ်လို့ အစီရင်ခံစာတစောင် ထုတ်ပြန်လိုက်ပါတယ်။ ချင်းတိုင်းရင်းသားတွေဟာ မြန်မာပြည်ထဲမှာလည်း လုံခြုံစွာမနေရ၊ အိန္ဒိယမှာလည်း ကာကွယ်စောင့်ရှောက်တာတွေမခံရဘူးလို့ လူ့အခွင့်အရေးအဖွဲ့ကဆိုထားပါတယ်။ **(AP, 28.1.2009)**

## ကေအဲန်ယူက သစ်ခုတ်ခွင့်ပိတ်ပင်

ကေအဲန်ယူတပ်မဟာ ၆ ထိန်းချုပ်နယ်မြေဖြစ်တဲ့ ကြာအင်းဆိပ်ကြီးဒေသမှာ ကြာအင်းဆိပ်ကြီးမြို့နယ်အာဏာပိုင်တွေက နအဖဗိုလ်ချုပ်တဦးဖြစ်တဲ့ ဗိုလ်ချုပ်လှဌေးမြင့်ပိုင်တဲ့ ငွေးကုမ္ပဏီကို ပျဉ်းကတိုးတန်ချိန် ၂၅၀၀ ခုတ်ခွင့်ပါမစ်ပေးခဲ့ပေမဲ့ ကေအဲန်ယူရဲ့ခရိုင်အာဏာပိုင်တွေက အဲဒီဒေသတွင်းမှာ သစ်မခုတ်ရဘူးဘူးလို့ အမိန့်ထုတ်ထားတာမို့ ငွေးကုမ္ပဏီကို သစ်မခုတ်ရန်ပြောဆိုတယ်လို့ သိရပါတယ်။ **(IMNA, 28.1.2009)**

---

## နေဘုန်းလတ်နှင့်ဇာဂနာကိုလွှတ်ပါ

ပြင်သစ်အခြေစိုက် နယ်ခြားမဲ့သတင်းထောက်များအဖွဲ့က ဘလော့ဂါနေဘုန်းလတ်နဲ့ အနုပညာရှင်ဇာဂနာတို့ကို ပြန်လွှတ်ပေးဖို့ တောင်းဆိုလိုက်ပါတယ်။ အဲဒါအပြင် မစ္စတာဂမ်ဘာရီအနေနဲ့မြန်မာပြည်ခရီးအတွင်း ဘလော့ဂါတွေရဲ့ကိစ္စကို ကိုင်တွယ်ဖို့ကိုလည်း မေတ္တာရပ်ခံထားပါတယ်။ **(VOA, 30.1.2009)**

---

## ဗြိတိန်က ရိုဟင်ဂျာများအတွက်စိုးရိမ်

ထိုင်းရေတပ်က လှေစီးရိုဟင်ဂျာဒုက္ခသည်တွေကို ပင်လယ်ပြင်ထဲမှာ စွန့်ပစ်ခဲ့တဲ့ကိစ္စကို ဗြိတိန်အစိုးရက အထူးကိုစိုးရိမ်မိတယ်ဆိုတဲ့အကြောင်းနဲ့ ဒီကိစ္စကို ထိုင်းအစိုးရအနေနဲ့ စုံစမ်းစစ်ဆေးမှုတွေ လုပ်မယ်လို့ပြောဆိုတာကို ကြိုဆိုတယ်လို့ ထုတ်ပြန်ကြေညာလိုက်ပါတယ်။ လှေစီးရိုဟင်ဂျာတွေဟာ ထိုင်းစစ်သားတွေရဲ့ရိုက်နှက်ခံရ၊ ပင်လယ်ထဲမောင်းနှင်ထုတ်ခဲ့လို့ ရာနဲ့ချီသေဆုံးခဲ့ပါတယ်။ **(AFP, 27.1.2009)**

---

## မြန်မာ့ပင်လယ်ထုတ်ကုန်ကူညီပေးမည်

အီးယူက ကျွမ်းကျင်ပညာရှင်တွေဟာ မြန်မာပြည်ရဲ့ ပင်လယ်ထွက်ကုန်တွေကို အရည်အသွေးမီ နိုင်ငံခြားဈေးကွက်ဝင်အောင်လုပ်ဖို့အတွက် လေ့လာစစ်ဆေးရန် မြန်မာပြည်ကို ရောက်လာမယ်လို့ သိရပါတယ်။ မြန်မာ့ရေထွက်ပစ္စည်းတွေဟာ နိုင်ငံခြားဈေးကွက်ထဲ တိုးတက်ရောက်ရှိနေချိန်မှာ မနှစ်က ကမ္ဘာ့ငွေကြေးအကျပ်အတည်းကြောင့် စီးပွားရေးကျလာတာနဲ့အတူ ထိခိုက်လာခဲ့ပါတယ်။ **(XINHUA, 29.1.2009)**

---

## ဘိန်းဖြူပိုမိုဖမ်းဆီးရမိ

ရန်ကုန်မှာ ရဲတပ်ဖွဲ့နဲ့ အကောက်ခွန်တို့ပူးပေါင်းပြီး မူးယစ်ဆေးနှိမ်နင်းမှုတွေကို တိုးမြှင့်ပြုလုပ်နေတဲ့အတွက် ဘိန်းဖြူဖမ်းဆီးရမိတာတွေလည်း တိုးတက်လာတယ်လို့ သိရပါတယ်။ လော်စစ်ဟန်သား ထွန်းမြင့်နိုင်ပိုင်တဲ့ အလုံမှာရှိတဲ့ ဆိပ်ကမ်းမှာဆိုက်ကပ်ထားတဲ့ စက်ာပူသင်္ဘောတစင်းပေါ်ကနေ ဘိန်းဖြူ ၂၈ ကီလိုဂရမ်ကို ဖမ်းဆီးရမိခဲ့ပါတယ်။ အဲဒီသင်္ဘောဟာ စက်ာပူကိုသွားမှာဖြစ်ပါတယ်။ **(AIRRAWADDY, 30.1.2009)**

---

## ဒုက္ခသည်လျှောက်သူ ၂ ဆတိုး

ဂျပန်မှာ ဒုက္ခသည်အဖြစ်လျှောက်ထားတဲ့သူဟာ ၂၀၀၈ ခုနှစ်မှာ ၂၀၀၇ ကထက် ၂ ဆတိုးလာတယ်လို့ သိရပါတယ်။ ၁၅၉၉ ဦးလျှောက်ထားခဲ့ပြီး ဒုက္ခသည်အဖြစ် ၅၇ ဦးကို အသိအမှတ်ပြုခဲ့ပါတယ်။ အဲဒီအထဲမှာ ၉၀ ရာခိုင်နှုန်းက မြန်မာများဖြစ်ပါတယ်။ လူသားချင်းစာနာတဲ့အနေနဲ့ ၃၆၀ ကို ယာယီ နေထိုင်ခွင့်ပေးခဲ့ပါတယ်။ **(AFP, 30.1.2009)**

# ရန်ကုန်မြို့ လှည်းတန်းနှင့် မြောက်ဥက္ကလာပတွင် မီးလောင်မှုဖြစ်ပွား

**DVB ၊ ဂျန်နဝါရီ ၂၆ ။** ။ ယမန်နေ့ညနေ ၃ နာရီလောက်က ရန်ကုန် လှည်းတန်းလမ်းမကြီးပေါ်မှာရှိတဲ့တိုက်ခန်း မီးလောင်မှုဖြစ်ပါတယ်။ ဇကာကြီးမုန့်ဟင်းခါးဆိုင်ရှိတဲ့ တိုက်ရဲ့တတိယထပ်မှာလောင်တာဖြစ်ပြီး အချိန်မီ မီးငြိမ်းသတ်နိုင်တဲ့အတွက် အခြားအခန်းတွေကိုမကူးစက်ခဲ့ဘူးလို့ လှည်းတန်းမြို့ခံတွေကပြောပါတယ်။

"၃ လွှာကစပြီး လှည်းတန်းမှာမီးလောင်တယ်တဲ့၊ အဲဒီလိုပဲ လာပြီးပြောပြတယ်လေ၊ အန်တီလည်း ဘယ်လောက်များလဲဘာလဲ မမေးလိုက်တော့ဘူး" "လောင်တယ် ပြီးသွားပြီ၊ ဇကာကြီးမုန့်ဟင်းခါးဆိုင်လေ၊ အဲဒီအပေါ်ထပ်မှာလောင်တယ်၊ သိပ်တော့မများဘူးထင်တယ်၊ ခဏလေးနဲ့ငြိမ်းသွားတယ်၊ တခန်းပဲလို့ပြောတယ်" "လှည်းတန်းလမ်းမကြီးပေါ့၊ နည်းနည်းလောင်တာပါ၊ မများပါဘူး"

ပြီးခဲ့တဲ့အပတ်ဗုဒ္ဓဟူးနေ့ကလည်း မြောက်ဥက္ကလာပ နွယ်သာကီလမ်းဘက်မှာ မီးပေါ့ဆမှုကြောင့် နေအိမ် ၂ လုံးမီးလောင်သေးတယ်လို့ အိမ်ရှင်မတဦးကပြောပါတယ်။

"အဲဒီည မီးလာမယ့်ရက်ကို သူတို့က မီးတွေဖြတ်ထားတာ၊ လူကြီးတွေမရှိဘူး၊ ကလေးတွေပဲ ဖယောင်းတိုင်ထွန်းပြီးနေတော့ ဖယောင်းတိုင်ကနေစပြီးလောင်ကုန်တာ၊ သူ့တို့အိမ်လောင်ပြီး နောက်ထပ်ဘေးအိမ်ကို ထပ်ပြီးကူးတာ၊ ၂ အိမ်ပါတာပေါ့၊ ဗုဒ္ဓဟူးနေ့က ညီမတို့ဈေးနားမှာလောင်တာ၊ ပြေးရတာပေါ့၊ ညီမတို့လည်း အိမ်ကနေ မီးတောက်ကြီးကို လှမ်းပြီးမြင်နေရတာကိုး"

အဲဒီနောက် မီးသတ်ကားတွေရောက်မလာခင်မှာဘဲ ရပ်ကွက်ကပိုင်းဝန်းမီးသတ်လို့ နေအိမ် ၂ လုံးအကုန်မှာမီးငြိမ်းသွားပေမယ့် နေအိမ်ပိုင်ရှင်က မီးလောင်မှုအတွက် မီးသတ်ကိုလာဘ်ထိုးရတယ်လို့ဆိုပါတယ်။

"လူတွေကညီတယ်၊ အကုန်လုံးထွက်လာပြီး ရပ်ကွက်ကငြိမ်းတာ၊ မီးသတ်ကားကိုအကြောင်းကြားထားပေမယ့် ကားအလာစောင့်နေမယ်ဆိုရင် ဘေးနားကအိမ်တွေ ကုန်ကုန်မှာပေါ့၊ မီးညွှန့်ကျပြီးမှ မီးသတ်ကားကရောက်လာတာ၊ ပထမ ၂ စီး ၃ စီးရောက်လာပြီး နောက်မှ အားလုံး ၁၀ စီးရောက်လာတယ်၊ မီးလည်းငြိမ်းနေပြီ၊ အဲဒါပြီးလည်းပြီးရော အိမ်ရှင်ကိုပိုက်ဆံတောင်းတယ်၊ တစီးကို ၅ သောင်းတဲ့၊ တစီးကို ၅ သောင်းတောင်းတော့ ၁၀ စီးဆို ၅ သိန်း၊ မီးလောင်ထားတဲ့အိမ်ရှင်က ပိုက်ဆံမရှိတော့ ညှိကြတာ တစီးကို ၃ သောင်းနဲ့အဆင်ပြေသွားတယ်၊ ၁၀ စီးဆို၊ ၃ သိန်းပေးရတာ၊ တခါထပ်ပြီး အိမ်ရှင်ကိုအဖမ်းပြရတာပေါ့၊ မီးလောင်ပြီဆိုမှတော့ အိမ်ရှင်ကိုဖမ်းမယ်ဆိုပြီး ဖမ်းသွားတဲ့အခါ အဲဒီအိမ်ရှင်အမျိုးသမီးက ရဝတရုံးနားရောက်ခါနီးမှ အဲဒီလူလက်ထဲကနေ အတင်းရုန်းပြီးထွက်ပြေးလို့ နောက်ထပ်တခါလိုက်ဖမ်းရသေးတယ်"

ဒီကိစ္စနဲ့ပတ်သက်ပြီး မြောက်ဥက္ကလာပမီးသတ်ကိုဆက်သွယ်မေးမြန်းခဲ့ပေမယ့် တာဝန်ကျဖုန်းအော်ပရေတာက နွယ်သာကီမှာမီးလောင်တာ ဟုတ်မှန်ကြောင်းနဲ့ ငွေတောင်းတာမဟုတ်မှန်ကြောင်း ငြင်းဆိုခဲ့ပါတယ်။ ယခင်ဖြစ်ပွားခဲ့ဘူးတဲ့မီးလောင်မှုတွေမှာ မီးသတ်ကားတွေအချိန်မီရောက်လာပြီး မီးငြိမ်းပေးရင်တောင်မှ ရေအလျင်မမီတာကြောင့် မီးမနိုင်တာမျိုးတွေဖြစ်ရတယ်လို့ ရန်ကုန်မြို့ခံအချို့ကပြောပါတယ်။ ပြီးခဲ့တဲ့သောကြာနေ့ညပိုင်းမှာ ရွှေပေါက်ကံစက်မှုဇုန်ရှိ အသားတုထုတ်လုပ်တဲ့စက်ရုံရဲ့ ဆီကြော်အိုးမီးတောက်ကတဆင့် ရွှေငါး ငါးမုန့်စက်ရုံကို မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သလို လှည်းကူးမြို့နယ်တွင်းမှာလည်း စားသောက်ဆိုင်တွင်း လျှပ်စစ်ဓါတ်အားမြှင့်စက် အပူလွန်ရာကမီးလောင်မှုဖြစ်ပွားခဲ့တယ်လို့ သိရှိရပါတယ်။

ရန်ကုန်မြို့ကမီးလောင်မှုအတော်များများဟာ လာတလှည့် မလာတလှည့်ဖြစ်နေတဲ့လျှပ်စစ်မီးကြောင့် ဖယောင်းတိုင်မီးသုံးစွဲမှုကနေ မတော်တဆမီးလောင်တာ၊ မီးလာပြန်တော့လည်း လိုအပ်တဲ့မီးအားမပြည့်လို့ ဓာတ်အားမြှင့်စက်သုံးရာကနေ အပူလွန်ပြီးမီးထလောင်တာ၊ ချက်ပြုတ်နေရင်း မီးပျက်သွားလို့ ခလုတ်မပိတ်မိရာက အိမ်မှာလူမရှိချိန် မီးပြန်လာပြီး မီးထလောင်ရတာတွေက အဓိကပြဿနာဖြစ်နေတယ်လို့ ရန်ကုန်မြို့ခံတွေကပြောပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနက မိသားစုတစုလုံးအိမ်ပြင်သွားမယ်ဆို ရင် မိန်းခလုတ်ကိုသတိထားချခဲ့ပြီးမှ အပြင်သွားတဲ့အလေ့အကျင့်လုပ်ကြဘို့ နှိုးဆော်ထားပါတယ်။ ခေတ်မီတိုးတက်ပြီး ဗဟုသုတကြွယ်ဝတဲ့နိုင်ငံတွေကနေအိမ်တွေမှာ မီးသတ်ဆေးဗူးတွေ မရှိမနေဆောင်ထားကြရပေမယ့် မြန်မာနိုင်ငံမှာကတော့ မီးသတ်ဆေးဗူးကိုဆောင်ထားရမယ်ဆိုတဲ့ စနစ်လည်းမရှိ၊ ဗဟုသုတလည်းမရှိဖြစ်နေတယ်လို့ မီးသတ်အရာရှိတဦးကပြောပါတယ်။

---

# နာဂစ်ဒေသ သောက်သုံးရေအခက်တွေ့

**DVB ၊ ဂျန်နဝါရီ ၂၇ ။** ။ ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်အတွင်း သောက်သုံး ရေအခက်ကြုံနေရပြီး ဆားငန်ရေတွေအသုံးပြုမှုကြောင့် မကြာခဏဆိုသလို ဝမ်းလျှောဝမ်းပျက်ရောဂါတွေဖြစ်ပွားနေတယ်လို့ သိရပါတယ်။

သောက်သုံးရေအခက်တွေ့နေရတဲ့ရွာတွေကတော့ ကျွန်းသာယာ၊ ကြိမ်ချောင်းကြီး၊ ကျွန်းညို၊ ရော၊ မဂု စတဲ့ ဒိုင်နယ်တွေက ရွာပေါင်း ၁ ရာကျော်နီးပါးဖြစ်ပါတယ်။ အဲဒီလို ကျေးရွာတွေမှာသောက်သုံးရေအခက်တွေ့နေသလို ဘိုကလေးမြို့ပေါ်မှာလည်း ကြုံတွေ့နေရပါတယ်။ မြို့ပေါ်ရှိ သောက်ရေကန် ၂၀ ကျော်ဟာ နာဂစ်ကြောင့် ဆားငန်ရေတွေဝင်ပြီးပျက်စီးခဲ့တဲ့အတွက် ပြန်လည်ပြင်ဆင်ရာမှာ ၄ – ၅ ကန်လောက် သုံးလို့ရနေပြီဖြစ်ပေမယ့် မယကက သောက်သုံးရေကိုရောင်းစားနေတဲ့အတွက် အခက်တွေ့နေရတာလို့ ဘိုကလေးမြို့ခံတွေကပြောပါတယ်။ ကျွန်းသာယာဒိုင်နယ်မှာတော့ ရွာနဲ့ ၃ မိုင်လောက်ဝေးတဲ့နေရာကရေတွေကို စက်လှေနဲ့ နေ့စဉ်သွားဝယ်သုံးနေရတယ်လို့ ဒေသခံတဦးကပြောပါတယ်။

"ကျွန်းသာယာတို့ ကြိမ်ချောင်းတို့ဆိုရင် ဘိုကလေးအပိုင်ထဲမှာဆိုပေမယ့် မော်ကျွန်းနဲ့နီးတဲ့အခါ မော်ကျွန်းဘက်မှာရေသွားဝယ်ကြရတယ်၊ နအဖစစ်အုပ်စုကတော့ ဘာမှလုပ်မပေးဘူး၊ ကိုယ့်ဘာသာကိုယ် ကျေးရွာမှာရှိတဲ့လူတွေစုပေါင်းပြီး မော်တော်တွေနဲ့သွားသယ်ပြီး ပြန်ဝေတယ်၊ အဲလိုပဲလုပ်နေကြရတာ၊ လေးဂါလံဝင်ရေတပုံးကို ၅၀ ပေးရတယ်၊ စီးပွားရေးကတော့ သိပ်အဆင်မပြေကြဘူး၊ ရေက မဖြစ်မနေဆိုတော့ ဝယ်သုံးနေကြရတာပေါ့"

သောက်သုံးရေအခက်အခဲကြောင့် ဆားငန်ရေတွေကိုနေ့စဉ်အသုံးပြုနေကြပြီး ဝမ်းပျက်ဝမ်းလျှောဖြစ်လို့ မနေ့က အမျိုးသမီးတဦးကို ဆေးရုံတင်လိုက်ရတယ်လို့လည်း အဲဒီလူကပြောပါတယ်။

"အသက် ၅၀ ဝန်းကျင်လောက်အမျိုးသမီး ဘိုကလေးဆေးရုံကိုရောက်လာတယ်၊ ဝမ်းလျှောတာပဲ၊ နောက် ကျွန်းသာယာအပိုင်ထဲက သဘော်ကျွန်းမှာ ၁၀ ယောက်လောက်ဖြစ်တယ်၊ သေပျောက်တာတော့မရှိဘူး၊ ရောဘက်မှာလည်း နည်းနည်းပါးပါးဖြစ်တယ်၊ လွန်ခဲ့တဲ့နှစ်လလောက်ကတည်းကဖြစ်နေတာ၊ လက်ရှိလည်း ကြိုကြားကြိုကြားလေးတွေ နည်းနည်းဖြစ်နေတယ်၊ရေကတော်တော်ဆိုးဆိုးဝါးဝါးဖြစ်နေတော့ ရေလုပ်သားတချို့ဆိုရင် ရေငန်တွေနဲ့ထမင်းချက်စားနေရတယ်၊ ဒီတော့ ကျန်းမာရေးတွေထိခိုက်ကုန်တာပေါ့"

နွေရာသီသောက်သုံးရေပြတ်လတ်မှု နောက်ဆက်တွဲအကျိုးဆက်အဖြစ်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုဟာ အရင်နှစ်တွေတုန်းကဆိုရင် ဘိုကလေးဆေးရုံမှာ နေစရာမရှိအောင်ဖြစ်ပွါးခဲ့ဘူးပါတယ်။ မတ် ဧပြီ မရောက်ခင် ခုချိန်ကတည်းက သောက်သုံးရေအခက်ကြုံနေရပြီး ကျန်းမာရေးထိခိုက်မှုမဖြစ်အောင်စစ်အုပ်စုအနေနဲ့တခုခုလုပ်ဆောင်ပေးဘို့ မြို့ခံတွေကလိုလားနေကြပါတယ်။

# မြင်းခြံ ဂျီတီစီကျောင်းသား ၂ ဦး ဆိုင်ကယ်တိုက်ခံရမှုနောက်ဆက်တွဲ

**DVB ၊ ဂျန်နဝါရီ ၂၅ ။** ။ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့က ကိုခင်မောင်ဝင်းဆိုသူဟာ မြင်းခြံဂျီတီစီကျောင်းသား ၂ ဦးကို အရက်မူးပြီးဆိုင်ကယ်နဲ့ဝင်တိုက်ခဲ့တဲ့အမှုမှာ အရေးယူမခံရတဲ့အပြင် အဲဒီကျောင်းသား ၂ ဦးကို ပြန်ပြီး အမှတ် ၁ ရဲစခန်းမှာအမှုဖွင့်တိုင်ကြားထားတယ်လို့ မြို့ခံတွေကပြောပြပါတယ်။

အတိုက်ခံရတဲ့ မြင်းခြံဂျီတီစီကျောင်းသား ၂ ဦး အနက် ခိုင်ထူးအောင် (ခ) ဖိုးသကြားကတော့ အဲဒီညမှာပဲ ဒဏ်ရာအပြင်းအထန်နဲ့သေဆုံးသွားခဲ့ပြီး ကျန်တဦးဖြစ်တဲ့ အောင်ခန့်မော်ကတော့ လောလောဆယ် မန္တလေးဆေးရုံကြီးပေါ်မှာ ရက်ပေါင်း ၂၅ ရက်ကြာတဲ့အထိ သတိပြန်မရသေးပါဘူး။ ဒီလိုအခြေအနေရောက်တဲ့အထိ ကိုခင်မောင်ဝင်းဘက်က ယာဉ်စည်းကမ်းဖောက်ဖျက်ပြီး ဆိုင်ကယ်တိုက်မှုဖြစ်ပွားခဲ့တဲ့အခြေအနေကိုမြင်တွေ့လိုက်ရတဲ့ မျက်မြင်သက်သေတဦးကပြောပါတယ်။

"ကလေးတွေက တောင်ကနေမြောက်ကိုသွားမှာ၊ သူတို့က မြောက်ကနေ တောင်ကိုလာတာ၊ လာတာက မြွေလိမ်မြွေကောက်လာတာ၊ အဲဒီကလေးတွေကိုမတိုက်ခင် ဆိုင်ကယ်တစီးနဲ့ တိုက်မလိုဖြစ်လိုက်သေးတယ်၊ ကျမဆိုင်ရှေ့ရောက်တော့ ကလေးတွေရဲ့ရှေ့ဖျားကို ဝင်တိုက်ချလိုက်တာ၊ ကျမသွားထကြည့်လိုက်တော့ နောက်ကကလေးတွေက ရှေ့ကကလေးကိုကျော်ပြီးတော့ ၂ တောင် ၃ တောင်လောက်အကွာ ပက်လက်လန်ကျသွားတယ်၊ ရှေ့ကမောင်းတဲ့ကောင်လေးက မျက်နှာက ကျောက်လမ်းရှေ့ဖျားမှာ၊ ခြေထောက်က ရှေ့ဘီးအောက်မှာဝင်နေတယ်၊ သူတို့ဆိုင်ကယ်ရဲ့နောက်ဖက်ဘေးမှာ တိုက်တဲ့ကောင်ဆိုင်ကယ်က ဆိုင်ကယ်သမားနဲ့အတူ မှောက်လျက်ကြီး ဆိုင်ကယ်ရှေ့ဘီးပေါ်မှာ၊ သူတို့လက်ထဲမှာ ဘီယာခွက်တွေနဲ့ ပန်းသီးလိုးပြီးသား ကြွပ်ကြွပ်အိတ်တွေနဲ့၊ ကျမတို့သွားကြည့်တဲ့အခါ သူတို့က ဟီးဟီးဟားဟားနဲ့စကားပြောပြီး အမြန်မောင်းချလာတာ၊ သူတို့နောက်က ပြုတ်ကျတဲ့ကောင်တွေက တောင်လျှောက်လိုက် မြောက်လျှောက်လိုက်၊ ကတုန်ကယင်တွေဖြစ်ပြီး အဲဒီ မှာ ဖုန်းတွေခေါ်တာ ဘယ်မှခေါ်မရဘူးလို့ပြောတယ်"

အဲဒီနောက် အနီးမှာရှိတဲ့ တိုက်ကုန်းဘုန်းကြီးကျောင်းဝင်းထဲကသံဃာတော်တွေထွက်လာပြီး မှုခင်းရဲတွေရောက်မလာလို့ သွေးအိုင်ထဲကကျောင်းသားလေးတွေကို ဆေးရုံပို့ခဲ့တဲ့နောက်ပိုင်းအခြေအနေတွေကိုလည်း အဲဒီမျက်မြင်သက်သေကပဲပြောပြပါတယ်။

"ရဲမရောက်ခင်မှာ အရှေ့ဘက်ကျောင်းကဘုန်းကြီးတွေအကုန်လုံး ထွက်လာပြီး ကလေးတွေတော့အသေမခံဘူးဆိုပြီး ကလေးကို တွေ့တဲ့ဆိုင်ကယ် ပေါ်တင်လိုက်တဲ့အချိန်မှာ ကလေးက ဆိုင်ကယ်ပေါ်အရောက် သွေးတွေအန် တာ မနည်းဘူးပဲ၊ သွေးအန်ပြီး ဆေးရုံရောက်သွားတာပဲ၊ ဖိုးသကြားကိုပို့ပြီး အောင်ခန့်မော်ကိုပို့တာ၊ ဟိုကောင်တွေက သူတို့မတက်ခင်စပ်ကြား ၁၅ မိနစ်လောက်မှာသတိရပြီး ပလက်ဖောင်းပေါ်မှာထိုင်နေပြီး နောက်ပိုင်း တယောက်ချင်းပျောက်သွားတာပဲ၊ တိုက်တဲ့လူတွေက ၃ ယောက်၊ ရဲတွေလာတော့ သူတို့မရှိတော့ဘူး၊ သူတို့က ဆိုင်ကယ်မီးလည်းမပါဘူး၊ ကလေးလေးရဲ့ဆိုင် ကယ်က ရဲတွေရောက်တဲ့အထိ မီးတောင်မငြိမ်းဘူး"

ယာဉ်တိုက်မှုကျူးလွန်သူ ကိုခင်မောင်ဝင်းဟာ အမှုဖြစ်ပွားပြီးနောက် တနေ့မှာ မြင်းခြံဆေးရုံတက်ရောက်ပြီး အခုချိန်ထိ ဆေးကုသမှုခံယူနေပါတယ်။ ဒါပေမဲ့ အမှုမှာ ကိုခင်မောင်ဝင်းဘက်က ယာဉ်စည်းကမ်းဖောက်ဖျက်တာပေါ်လွင်နေပေမယ့် အာဏာပိုင်တွေကအရေးမယူသေးသလို သေဆုံးနစ်နာသူ ကျောင်းသားမိသားစုတွေကိုလည်း လူမှုရေးအရ ဆက်သွယ်ပြောဆိုခြင်းမရှိသေးပါဘူး။ ဒီအပေါ် သေဆုံးသူကျောင်းသား ကိုခိုင်ထူးအောင်ရဲ့အစ်မဖြစ်သူ မဆွေကပြောပါတယ်။

"ပထမတုန်းက လာမယ်လာမယ်ပြောပြီး မလာတော့တာ၊ လာမယ်ဆိုတာ ရှေ့နေကတဆင့်ပြောတာ၊ နောက် မလာတော့ဘူး၊ လူမှုရေးအနေနဲ့ ဘာတခုမှမလာသေးဘူး၊ ဆေးရုံတောင် လာမေးဖော်မရဘူး၊ သူတို့ဘက်က လူမှုရေးမရှိလို့ ရိုင်းတယ်၊ ကျမတို့ကတော့ နည်းနည်းစိတ်ဆိုးတာပေါ့၊ သူတို့ အခု လုံးဝမလာတော့ ကျမတို့ ဥပဒေလမ်းကြောင်းအတိုင်းသွားရမှာပေါ့၊ သူ့အမျိုးသမီးက ဒီနားတင် ကျောက်ပန်းတောင်းမှာ၊ ကျောက်ပန်းတောင်းဆိုတာ ဝဲလောင်ကိုဖြတ်ပြီးမှ ကျောက်ပန်းတောင်းကိုရောက်တာ၊ မြင်းခြံကိုသွားရတာပဲ၊ သူတို့က တမင်သက်သက် ရိုင်းလို့မဝင်တာဘဲ"

မောင်ခိုင်ထူးနဲ့ မောင်အောင်ခန့်မော်တို့ဟာ အသက် ၁၆ နှစ်ကျော် ဂျီတီစီမြို့ပြ ပထမနှစ်ကျောင်းသားတွေဖြစ်တဲ့အတွက် မိသားစုတွေမှာ စာတော်တဲ့လူငယ်လေး ၂ ဦးအတွက် အတော်စိတ်ထိခိုက်နေပါတယ်။ မောင်အောင်ခန့်မော်ရဲ့အမေဟာ မြင်းခြံမြို့က သားဖွားဆရာမဖြစ်ပြီး မိသားစုနဲ့နီးစပ်သူတွေပြောပြချက်အရ မောင်အောင်ခန့်မော်ရဲ့ မေ့မျောနေတဲ့အခြေအနေဟာ အသက်ရှင်ဘို့ ဖြစ်နိုင်ခြေနည်းတယ်လို့ဆိုပါတယ်။ ကိုခင်မောင်ဝင်းကတော့ ရန်ကုန်–မန္တလေးအဝေးပြေး တက်လမ်းကားဂိတ်က ဂိတ်မှူးဖြစ်ပြီး မန္တလေးတိုင်းရဲမှူးကြီးတဦးနဲ့ တူအရီတော်စပ်တယ်လို့လည်းဆိုပါတယ်။ ဒီကိစ္စနဲ့ပတ်သက် ပြီး အမှတ် ၁ ရဲစခန်းကို ဆက်သွယ်မေးမြန်းတဲ့အခါမှာ ကိုခင်မောင်ဝင်းဘက် က ကျောင်းသားတွေကို ယာဉ်စည်းကမ်းဖောက်ဖျက်ပြီး သူ့ကိုဝင်တိုက်မှုနဲ့ ပြန်ပြီးအမှုဖွင့်ထားတယ်လို့ သိရပါတယ်။

# ရေချိုငါးလုပ်ငန်းရှင်များ အခက်တွေ့

**RFA ၊ ဂျန်နဝါရီ ၂၉ ။** ။ ကမ္ဘာ့စီးပွားရေးကျဆင်းလာတဲ့ ဂယက်ကြောင့် မြန်မာနိုင်ငံက ရေချိုငါးတင်ပို့နေတဲ့လုပ်ငန်းမှာ အရှုံးနဲ့ရင်ဆိုင်နေရကြောင်း သိရှိရပါတယ်။

၂၀၀၈ ခုနှစ် ဒီဇင်ဘာလလယ်လောက်ကစပြီး ငါးမြစ်ချင်း၊ ငါးကြင်း ငါးသလောက် စတဲ့ ငါးတွေကို အများဆုံးဝယ်ယူနေတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ကုန်သည်တွေရဲ့ဝယ်လိုအား ၇၀ ရာခိုင်နှုန်းကျော်အထိကျဆင်းသွားတယ်လို့ တွံ့တေးမြို့က ငါးမွေးမြူရေးလုပ်ငန်းရှင်တဦးကပြောပါတယ်။

မြန်မာနိုင်ငံကငါးတွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံကဝယ်ယူပြီး ဆော်ဒီအာရေဗျနိုင်ငံတွေအပါအဝင် အနောက်နိုင်ငံတွေကို တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။

"စီးပွားပျက်ကပ်လည်းဖြစ်တယ်၊ နောက်တခါ ဒီကပို့တဲ့ငါးတွေဟာ ပုံမှန်တော့ တစီးတစီးချင်းသွားရတာပေါ့၊ နောက်ပိုင်းတော့ ငွေတွေမပို့ဘူး၊ သူတို့မှာ ဒီလိုပဲ ဟိုဘက်က ဆော်ဒီနိုင်ငံတွေဘက်ကလည်း ဝယ်လိုအားကျဆင်းပြီး ကုန်သည်တွေကငွေမချေဘူးဆိုပြီး အကုန်နှိမ်ချတယ်၊ ဒီမှာတင် ကုန်တွေ ကပုံ ပုံမှန်ဆိုရင် လစဉ်ပုံမှန်ထုတ်နေတာရှိတယ်၊ ကုန်တွေကမထွက်တော့ အကုန်လုံး ဒီမှာ ဂျမ်းဖြစ်ကုန်တာပေါ့"

ပြည်ပကအော်ဒါမှာထားပြီး ဝယ်ယူနိုင်ခြင်းမရှိတဲ့အတွက် ပြည်တွင်းမှာ ငါးတွေပုံနေပြီး ငါးမွေးမြူရေးသမားတွေ ဒုက္ခရောက်နေကြရကြောင်း တွံ့တေး မြို့မှ ငါးမွေးမြူရေးသမားတဦးကပြောပြတာဖြစ်ပါတယ်။

ငါးဗိုင်တွေမှာ ငါးမြစ်ချင်းတကောင်ကို အရင်က ကျပ် ၃၀၀၀ ကျော်ရှိခဲ့ရာ အခုအခါမှာ ၁၁၀၀ အထိ ဈေးနှုန်းတွေထိုးကျဆင်းသွားကြောင်း သိရှိရပါတယ်။ နာဂစ်မုန်တိုင်းဒဏ်ခံရတဲ့ ရန်ကုန်တိုင်းနဲ့ ဧရာဝတီတိုင်းက ငါးမွေးမြူရေးလုပ်ငန်းရှင်တွေကို နအဖစစ်အုပ်စုဘက်က ထိထိရောက်ရောက်ကူညီပေးနိုင်ခြင်းမရှိတဲ့အတွက် တနိုင်တပိုင်ငါးမွေးမြူရေးလုပ်ငန်းတွေ ပိုပြီးအားနည်းလာရတယ်လို့လည်း အဆိုပါငါးမွေးမြူရေးသမားတဦး ဆက်ပြောပြပါတယ်။

# ၅၉ နှစ်အရွယ်အမျိုးသမီး အရိုက်လည်းခံရ ထောင်လည်းချခံရ

**DVB ၊ ဂျန်နဝါရီ ၂၆ ။** ။ ရန်ကုန်တိုင်း လှည်းကူးမြို့နယ်တွင် အုပ်စုလိုက်ဝိုင်းဝန်းရိုက်နှက်မှုတခုဖြစ်ပွားရာမှာ ဝိုင်းဝန်းရိုက်နှက်သူတွေထောင်မကျဘဲ အရိုက်ခံရတဲ့သူတွေ ထောင်ချခံလိုက်ရပါတယ်။

အုပ်စုနဲ့ဝိုင်းဝန်းအရိုက်ခံခဲ့ရပြီး ထောင်ချခံလိုက်ရသူတွေကတော့ အသက် ၅၉ အရွယ် ဒေါ်ခင်သိန်းနဲ့ အကိုဖြစ်သူ ဦးတင်မောင်ဝင်းတို့ ဖြစ်ပါတယ်။ ဒေါ်ခင်သိန်းဟာ လှည်းကူးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် မစန်းစန်းသွင်ရဲ့မိခင်ဖြစ်ပါတယ်။ ဒေါ်ခင်သိန်းတို့ကို ဝိုင်းရိုက်ခဲ့သူတွေကတော့ လှည်းကူးမြို့နယ် ဒါးပိန်မြောက်ရဲစခန်းဝင်းထဲမှာ အရက်ဆိုင်ဖွင့်ထားတဲ့ ကိုမြင့်လွင်နဲ့ မိသားစုဝင်တွေဖြစ်ပါတယ်။ ဒီရိုက်နှက်မှုဟာ ၂၀၀၆ ခုနှစ် ၉ လပိုင်းကဖြစ်ပျက်ခဲ့တာဖြစ်ပေမယ့် အမှုကိုအချိန်ဆွဲစစ်ခဲ့ပြီး ဦးတင်မောင်ဝင်းကို ၈ ရက် ၁၀လ ၂၀၀၈ က ထောင် ၂ လ အရင်ချမှတ်ခဲ့တာပါ။ ဒေါ်ခင်သိန်းကိုတော့ ပြီးခဲ့တဲ့ သောကြာနေ့က လှည်းကူးမြို့နယ်တရားသူကြီး ဒေါ်သွင်သွင်စိုးက ထောင်ဒဏ် ၁ လချမှတ်ခဲ့တာလို့ မိသားစုဝင်တွေကပြောပါတယ်။

ဒေါ်ခင်သိန်းရဲ့သမီး လှည်းကူးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် မစန်းစန်းသွင်နဲ့ လှည်းကူးမြို့နယ် ဒါးပိန်မြောက်ရဲစခန်းဝင်းထဲမှာအရက်ဆိုင်ဖွင့်ထားတဲ့ ကိုမြင့်လွင်တို့ စကားများရန်ဖြစ်ခဲ့ရာက ဒီအမှုစတင်ခဲ့တာပါ။ ဒီလိုပြဿနာဖြစ်တာကို မကျေနပ်ဖြစ်ပြီး ကိုမြင့်လွင်အပါအဝင် ဇနီးနဲ့တူမတွေက မစန်းစန်းသွင်ရဲ့မိခင် ဒေါ်ခင်သိန်းနဲ့ ဦးလေးကို ဝိုင်းရိုက်ခဲ့ကြတာဖြစ်ပါတယ်။ ဒီအရိုက်ခံရမှုကို ရဲစခန်းသွားတိုင်တဲ့အခါ ရဲတိုင်ရမလားဆိုပြီး ထပ်မံရိုက်နှက်ခဲ့သေးတယ်လို့လည်း သမီးဖြစ်သူ မစန်းစန်းသွင်ကပြောပါတယ်။

"ကိုမြင့်လွင်ရယ်၊ မခင်စိန်ရယ်၊ မခင်သီတာလွင်ရယ်၊ မဘုတ်ဆုံရယ် သူတို့ ၄ ယောက်က ကျမအမေကို တနေ့တည်း ၂ ခါ ရိုက်တယ်၊ ကျမဦးလေးကို ၁ ခါရိုက်တယ်၊ ကျမတို့ဘက်ကစတိုင်တယ်၊ အဲဒီနေ့အမှုဖွင့်ပြီး ပြန်ထွက် လာမှ အမေ့ကိုပြန်ရိုက်တာ၊ အမေ ဆေးရုံကြီးမှာ လက်ကျိုးလို့ ဆေးလည်း ကုတယ်၊ ဆိုတော့ ၁၈ ရက်နေ့ကျမှ ကိုမြင့်လွင်က သူ့မိန်းမကို ကျမဦးလေး က ဗလက္ကာရလုပ်တယ်ဆိုပြီး အမှုဖွင့်တယ်၊ အမေ့ကိုလည်း မဘုတ်ဆုံလက်ကိုကိုက်တယ်ဆိုပြီး အမှုလိမ်ဖွင့်တယ်၊ ဒေါက်တာခန့်ဝင်းနဲ့ ဆေးစာလိမ်ရေးပေးတယ်၊ ကျမဦးလေးကိုကျတော့ ဦးအောင်တိုးအမိန့်နဲ့ထောင်ချတယ်လို့ တရားသူကြီးကပြောတယ်၊ အမေ့ကိုကျတော့ အထက်ကအမိန့်အရထောင်ချတယ်ပေါ့၊ ကိုမြင့်လွင်ကိုတော့ ပုဒ်မ ၂၅ နဲ့ သူကို တရားရှင်လွှတ်ပေးတယ်၊ ရဲနှစ်ယောက်ကြားထဲမှာရိုက်တာ အမှုလည်းပေါ်တယ်၊ ဒါပေမဲ့ တရားသူကြီး က အကုန်လုံးလွှတ်ပေးတယ်"

မိခင်ဒေါ်ခင်သိန်း သောကြာနေ့က ထောင် ၁ လချမှတ်ခံခဲ့ရပြီး အင်္ဂါနေ့ကျရင် အင်းစိန်ထောင်ကိုပို့မယ်လို့သိရကြောင်း မစန်းစန်းသွင်ကပြောပြပါတယ်။ ဦးလေးဖြစ်သူက ထောင် ၂ လကျခံပြီးလို့ ပြန်လွတ်နေပြီလို့ဆိုပါတယ်။ မိခင်ဒေါ်ခင်သိန်း ထောင်ချခံခဲ့ရတာနဲ့ပတ်သက်လို့လည်း မစန်းစန်းသွင်ရဲ့မောင်ငယ် ကိုကျော်စွာဝင်းက "ကျနော့်အနေနဲ့က တရားမျှတမှုမရှိဘူး၊ တရားမျှတမှုမရှိတာတော့ ပြောင်လိမ်ကြီးဖြစ်နေတယ်၊ ကျနော့်အစ်မက နိုင်ငံရေးလုပ်တော့လေ မတရားဖိနှိပ်တာပေါ့" လို့ ပြောပါတယ်။

မိခင်နဲ့ဦးလေးဖြစ်သူကို ရဲချုပ်ခင်ရီနဲ့ တရားသူကြီးချုပ်ဦးအောင်တိုးတို့ရဲ့အမိန့်ကြောင့် ထောင်ချရတာလို့ အာဏာပိုင်တွေကပြောဆိုခဲ့တယ်လို့လည်း ကိုကျော်စွာဝင်းကပြောပါတယ်။ ဒီအမှုမှာ သက်ဆိုင်ရာတရားသူကြီးတွေ ရှေ့နေတွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေက တရားခံကိုမြင့်လွင်ဆီက အဂတိလိုက်စားမှုတွေရှိတယ်လို့လည်း မြို့ခံတချို့ကပြောပါတယ်။ ရဲချုပ်နဲ့တရားသူကြီးချုပ်အမည်တွေကို မြို့နယ်အာဏာပိုင်တွေက အလွဲသုံးစားလုပ်ခဲ့တာလို့လည်း မြို့ခံတချို့ကသုံးသပ်နေပါတယ်။

# ကားလေလံပွဲ ဒေသခံများမကပ်နိုင်

**DVB ၊ ဂျန်နဝါရီ ၂၇ ။** ။ လိုင်စင်မဲ့ကားတွေကို မုံရွာနဲ့ ကလေးမြို့တို့မှာ စုစုပေါင်း ၂၈ စီးရောင်းချလိုက်တယ်လို့ မုံရွာဒေသခံတဦးကပြောပါတယ်။ ဒီလ ၂၅ ရက်တုန်းက မုံရွာမှာ ၁၇ စီး၊ ကလေးမြို့မှာ ၁၁ စီး လေလံတင်ရာမှာ လူ စီးများတဲ့ တိုယိုတာမတ်တူးတစီး၊ ပါဂျဲရိုးတစီး၊ လဲန်ခရူဇာတစီးတို့ပါဝင်ပြီး ဖင်ကောက်ခေါ် တိုယိုတာဗင်ကများပြီး ဈေးနှုန်းတွေမြင့်တယ်လို့ပြောပါတယ်။

နအဖအာဏာပိုင်တွေက ဝစ်သောက် without ခေါ် လိုင်စင်မဲ့ကားတွေကို ဖမ်းဆီးသိမ်းဆည်းပြီး ယမန်နှစ် နှစ်လယ်ကစပြီး ဆက်တိုက် လေလံတင်ရောင်းချလာတာပါ။ ကျပ်သိန်း ၇၁၀ နဲ့ရောင်းလိုက်တဲ့ ပါဂျဲရိုးကားဟာ မြန်မာပြည် စက်မှုဇုန်လုပ်ကိုယ်ထည်နဲ့ဖြစ်နေတယ်လို့လည်း ပြောပါတယ်။

"ဘယ် ကျနော်တို့မုံရွာကလူတွေ မကပ်နိုင်ဘူး၊ ရန်ကုန်ကချည်းပဲ အကုန်လုံး၊ ဝယ်ရောင်းတွေ၊ ပြန်ပြင်ပြီးရောင်းမယ့်သူတွေ၊ ပါဂျဲရိုးတို့ဘာတို့ဆို ၇၁၀ သာပေးဝယ်သွားတာ၊ ဗမာရိုက်ဖရိမ်နဲ့လို့ပြောတယ်"

လိုင်စင်နံပါတ်ကလွဲလို့ မက်စရာမရှိတဲ့လေလံပွဲပါ။ တိုယိုတာလဲန်ခရူဇာကို ကျပ်သိန်း ၁,၉၅၀ နဲ့ လေလံဆွဲသွားတာကတော့ ကျပ်သိန်း ၅၀၀ လောက်ပေးဝယ်ရမယ့် လိုင်စင်မဲ့လဲန်ခရူဇာမှာ အဲဒီလိုင်စင်တပ်ပြီး ဈေးကွက်ထဲမှာ ကျပ်သိန်း ၃,၅၀၀ လောက်နဲ့ပြန်ရောင်းဘို့ပဲလို့လည်း ရှင်းပြပါတယ်။

"လဲန်ခရူဇာကလည်း အစုံအစေ့ သိပ်မပါတော့ဘူး၊ အခွံသာသာပဲ"

လိုင်စင်မဲ့ကားအဖြစ်သိမ်းဆည်းခံခဲ့ရတဲ့ တိုယိုတာမတ်တူးကားရဲ့ပိုင်ရှင်ကတော့ အဲဒီကားကိုပဲ ကျပ် သိန်း ၇၁၀ နဲ့ လေလံဆွဲသေးပေမယ့် ကျပ်သိန်း ၁,၀၅၀ နဲ့လေလံအောင်သွားတယ်လို့လည်းပြောပါတယ်။ ဒီလဆန်းပိုင်း ပုသိမ်ကလေလံပွဲမှာ မတ်တူးတစီးကို ကျပ်သိန်း ၇၅၀ နဲ့ လေလံအောင်ခဲ့တာကြောင့် လေလံဈေးကွက်မှာ ရက်ပိုင်းအတွင်း သိန်း ၃၀၀ လောက်ဈေးမြင့်သွားတာပါ။ မုံရွာ–ကလေး လေလံပွဲမှာ အများဆုံးပါတဲ့တိုယိုတာဗင်ကတော့ အနိမ့်ဆုံး ကျပ်သိန်း ၅၃၀ ကနေ ၅၆၀ အထိ လေလံအောင်သွားပါတယ်။

မုံရွာဒေသခံတွေကတော့ အခုရက်ပိုင်း သီးနှံအရောင်းအဝယ်သွက်နေလို့ ကားလေလံပွဲကို သိပ်စိတ်မဝင်စားဘူးလို့ပြောပါတယ်။ ရန်ကုန်ကားဈေးကွက်မှာ အရောင်းအဝယ်အေးနေပြီး ဈေးတန့်နေတယ်လို့ ဟံသာဝတီကားပွဲစားတန်းမှ ဝယ်ရောင်းတဦးကပြောပါတယ်။ လေလံပွဲတွေဆက်တိုက်ကျင်းပလာတာနဲ့ စီးပွားပျက်ကပ်ဂယက်တို့ကြောင့် ကားဈေးတွေလည်းကျ၊ အရောင်းအဝယ်တွေလည်းကျနေတယ်လို့ ကားပွဲစားကပြောပါတယ်။

**စာမျက်နှာ ၈ မှ**

ထောင်စုတွေဟာ အသင်းဝင်ဖောင်ဖြည့်လည်း ထပ်ဖြည့်ပေးရဦးမှာမို့ သူတို့အများစုကတော့ ဘယ်လိုသဘောထားရှိနေတယ်ဆိုတာကို တောင်ဒဂုံမြို့သစ် ၂၆ ရပ်ကွက် ဒေသခံတဦးကပြောပါတယ်။

"ဒဂုံမြို့သစ်တောင်ပိုင်း အပိုင် ၃ ပိုင်စလုံးကို အဲဒီဇယားကွက်စာရွက်တွေလှည့်ဝေထားပြီ၊ ၂၃ ရက်နေ့ မနက် ၁၀ နာရီလောက်ကနေ စဝေတာ၊ ရေယူမယ့်လူအရေအတွက် အနည်းအများပေါ်မူတည်ပြီး ပိုက်ဆံကို ခွဲတမ်းသတ်မှတ်မယ်တဲ့၊ တိတိကျကျတော့မပြောဘူး၊ သူတို့ကိုမေးတဲ့အခါကျတော့ ရေလိုချင်ရင် ရေဇယားကွက်မှာဖြည့်ပြီး သူတို့ဆီပို့ပေးပါဆိုတော့ တချို့က ဘုမသိဘမသိ ဇယားကွက်မှာဖြည့်ပြီးပို့ကြတယ်၊ အများစုကတော့ ရေရရှိရေး နဲ့ အသင်းဝင်တာနဲ့မဆိုင်ဘူးဆိုပြီး မပို့ဘူး၊ ကိုယ်ဆန္ဒမရှိဘဲ အလိုလိုအသင်းဝင်ဖြစ်မှာ၊ ရေမရရင်လည်းနေ၊ လက်မခံနိုင်ဘူးဆိုပြီး တော်တော်များများက မယူကြဘူး၊ ရေကလည်း ငွေသိန်းနဲ့ချီသွင်းရမှာဖြစ်တဲ့အတွက် ဒီလိုမျိုး အတင်းအကျပ်ဆိုရင်တော့ လက်မခံနိုင်ဘူးဆိုပြီး ဖြစ်နေကြတယ်"။

# ဒဂုံဆိပ်ကမ်းမြို့နယ်က လယ်သိမ်းခံရတဲ့လယ်သမားတွေရဲ့အခက်အခဲ

**DVB ၊ ဂျန်နဝါရီ ၂၈ ။** ။ ရန်ကုန်တိုင်း ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်အတွင်းမှာ အာဏာပိုင်တွေက လယ်ကေ ဖ ထောင်ကျော်ကိုသိမ်းထားတဲ့အပြင် လယ်ထဲမှာနေထိုင်သူတွေကိုပါ မောင်းထုတ်နေတဲ့အတွက် လယ်သမားတွေ အခက်ကြုံနေရပါတယ်။

ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်အတွင်းက လယ်ကေ ဖ ထောင်ကျော်ကို ဆန်ကုန်သည်ကြီးများအသင်းနဲ့ မြို့နယ်မယကတို့ အစည်းအဝေးလုပ်ပြီးသိမ်းယူလိုက်တာလို့ သေခံတချို့ကပြောပါတယ်။ လယ်ပိုင်ရှင်ရာကျော်ရှိတဲ့အထဲက လယ်ပိုင်ရှင် ၁၀ ဦးခန့်ကို အဲဒီအစည်းအဝေးပွဲခေါ်ပြီး ပြီးခဲ့တဲ့နှစ် နှစ်ကုန်ပိုင်းကသိမ်းဆည်းလိုက်တာလို့ ကေ ၄၀ ပိုင်ဆိုင်တဲ့ ဒေသခံလယ်သမားတဦးက ပြောပါတယ်။

"လယ်တွေသိမ်းတော့ လောလောဆယ်ခံစားနေရတာက ကျနော်တို့ ဘယ်သွားလို့ ဘယ်ရွှေ့ရမှန်းတောင်မသိတဲ့အခြေအနေမျိုး ရောက်နေတယ်၊ အစည်းအဝေးကို ကျနော်တို့ သုံးခါလောက်တက်ခဲ့တယ်၊ အစည်းအဝေးတက်တော့ ကုန်သည်ကြီးအသင်းက ဥက္ကဋ္ဌ ပါတယ် မယကဥက္ကဋ္ဌပါတယ်"

အစည်းအဝေးမှာ လယ်လုပ်ငန်းတွေကို လယ်သမားတွေနဲ့ ကုန်သည်ကြီးများအသင်းတို့ အကျိုးတူဆောင်ရွက်မယ်လို့ဆိုပြီး ရလာတဲ့အကျိုးအမြတ်ကို လယ်လုပ်သူက ၄၀ ရာခိုင်နှုန်း၊ ကုန်သည်ကြီးများအသင်းက ၆၀ ရာခိုင်နှုန်းခွဲယူပြီး လယ်စရိတ်ကို တဝက်စီကျခံရမယ်လို့ဆိုပါတယ်။ ဒါ့အပြင် လယ်သမားတွေကို လယ်ထဲမှာ လုံးဝနေထိုင်ခွင့်မပေးဘူးလို့လည်းပြောပါတယ်။

"ဘယ်လိုနစ်နာမှုရှိသလဲဆို ကျနော်တို့ လက်ရှိကိုယ်တိုင်လုပ်နေတာတောင်မှပဲ မိသားစုအနေအထားနဲ့ တော်တော်ရုန်းကန်နေရတာ၊ သူတို့က တခါ ၂၀ ရာခိုင်နှုန်းပိုယူဦးမယ်ဆိုရင်တော့ လယ်သမားကမလုပ်ချင်ဘူး၊ လုပ် လို့လည်း ရမှာမဟုတ်ဘူး"

အာဏာပိုင်တွေက လယ်တွေထဲကကောက်ရိုးပုံတွေကိုပါ ဖျက်ဆီးသွားတဲ့အတွက် နွားတွေတောင် စားစရာမရှိတဲ့အခြေအနေရောက်နေတဲ့အပြင် လယ်ပိုင်ရှင်တွေကိုလည်းမောင်းထုတ်နေတာကြောင့် အခက်တွေ့နေရတယ်လို့ လယ်ပိုင်ရှင်အမျိုးသမီးတဦးကပြောပါတယ်။

"သူတို့က အာဏာရှိတယ်၊ သိမ်းတယ်ဆိုတော့ ဘာမှမပြောနိုင်ဘူး၊ ထိုင်ကြည့်နေရတယ်၊ နစ်နာမှုကတော့ တဲတွေဖယ်ပေးရမယ်၊ ကောက်ရိုးပုံတွေဖယ်ပေးရမယ်၊ နေစရာ ဘယ်နေရမှန်းမသိတာ နစ်နာတာပေါ့၊ ဒီတောကြီးမျက်မည်းကိုရှင်းလင်းပြီး လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ လောက်ကတည်းကလုပ်စားလာ တာ၊ ကိုယ့်လယ်လေးနဲ့ကိုယ် ပြန်လုပ်စားချင်တာတော့ရှိတာပေါ့"

နောက်ထပ်လယ်ပိုင်ရှင်တဦးကလည်း လယ်သိမ်းခံရတာနဲ့ပတ်သက် လို့ မကျေနပ်ကြောင်းပြောပါတယ်။

"ဖယ်ပေးရမှာ ကျေကိုမကျေနပ်တာ၊ တောင်သူလယ်သမားဆိုတာ လုပ်မှ စားရမှာ၊ အခုလာသိမ်းပြီဆိုတော့ ကျနော်တို့က ဘယ်လိုမှလုပ်မရဘူး၊ မပြေလည်ဘူးပေါ့၊ ကျနော့်လယ်တွေပဲ ပြန်လိုချင်တယ်"

ဒီကိစ္စနဲ့ပတ်သက်လို့ ဆန်ကုန်သည်ကြီးများအသင်းနဲ့ မြို့နယ်မယက ကို ဆက်သွယ်လို့မရပါဘူး။ လယ်သမားတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ လောက်ကတည်းကလုပ်လာခဲ့တဲ့ ဒီလယ်မြေမှာ လွတ်လွတ်လပ်လပ် ပြန်လုပ်ခွင့်ရဖို့ ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် ILO နဲ့ နေပြည်တော်ကို စာတင်ဘို့ပြင်ဆင်နေကြတယ်လို့လည်းပြောပါတယ်။

# စမတ်ယူနီဗာစတီဖွင့်မည်

**DVB ၊ ဂျန်နဝါရီ ၂၆ ။** ။ စစ်အစိုးရရုံးစိုက်ရာ နေပြည်တော်အနီးရှိ တောင်ငူမြို့မှာ မြန်မာနိုင်ငံရဲ့ အကြီးဆုံးတက္ကသိုလ်တခု ဖွင့်လှစ်ဘို့ပြင်ဆင်နေတယ်ဆိုတဲ့သတင်းတွေ ပညာရေးလောကမှာ ပျံ့နှံ့နေပါတယ်။

အဲဒါကတော့ နေပြည်တော်ရဲ့တောင်ဘက် မိုင် ၃၀ အကွာမှာရှိတဲ့ တောင်ငူတက္ကသိုလ်ကို မြန်မာနိုင်ငံရဲ့ နိုင်ငံတကာအဆင့်မီတက္ကသိုလ်အဖြစ် အမည်ပြောင်းလဲဖွင့်လှစ်ဖို့ ပြင်ဆင်နေတယ်ဆိုတဲ့သတင်းပါ။ ပြောင်းလဲမယ့်အမည်ကတော့ စမတ်ယူနီဗာစတီလို့ သိရပါတယ်။ ဒီသတင်းနဲ့ပတ်သက်လို့ ရန်ကုန်တက္ကသိုလ်က ဆရာမတဦးကပြောပါတယ်။

"လက်ရှိ တောင်ငူတက္ကသိုလ်ကို စမတ်ယူနီဗာစတီဆိုပြီး ပြောင်းလိုက်မယ်ပေါ့၊ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ပုံစံမျိုးလုပ်မယ်၊ တကယ်လို့ ကမ္ဘာ့နိုင်ငံတွေကလူတွေလာရင် အဲဒီတက္ကသိုလ်ကိုထိုးပြမယ်ပေါ့၊ အဲဒီမှာ ဒေါက်တာဘွဲ့ရတွေချည်းပဲထားမယ်၊ အသက်က ၄၅ နှစ်အောက်၊ အိမ်ထောင်မရှိရဘူး၊ အဲဒီလိုမျိုး သတင်းသဲ့သဲ့ကြားနေတာ၊ အစတုန်းကတော့ နေပြည်တော်မှာ ရိုင်ယဲလ်တက္ကသိုလ်ဆိုပြီးကြားနေတာ၊ ရိုင်ယဲလ်က မဖြစ်ဘူးလို့လည်းပြောတယ်၊ ဒါကြောင့် တောင်ငူမှာ စမတ်ဆိုပြီးလုပ်မယ်ပေါ့၊ အခုဟာက ထရန်စဖာတွေ အတည်ထွက်ပြီးမှသိမှာ"

စမတ်တက္ကသိုလ်အတွက်ဆိုပြီး ဝန်ထမ်းဆရာ၊ ဆရာမတွေကို အဆင့်မြင့်ပညာဦးစီးဌာနကနေ လျာထားမှုတွေရှိနေပေမယ့် တရားဝင် ညွှန်ကြားချက်တစုံတရာမရှိသေးဘူးလို့ဆိုပါတယ်။ ဒီအကြောင်းကိုပဲ အမည်မဖော်လိုတဲ့ အခြားဆရာတဦးကပြောပါတယ်။

"ကြားတာတော့ ကြားတာပဲ၊ ဘာမှညွှန်ကြားမှုမရှိဘူး၊ ဘာရုံးစာမှ မထွက်ဘူး၊ လောလောဆယ် ကောလာဟလအဆင့်လောက်ကြားသေးတာပဲ"

ဒီလို ပညာရေးလောကမှာထွက်ပေါ်နေတဲ့ စမတ်တက္ကသိုလ်သတင်းနဲ့ပတ်သက်ပြီး နေပြည်တော်မှာရှိတဲ့ ပညာရေးဝန်ကြီးဌာနကို ဆက်သွယ်စုံစမ်းရာမှာ တာဝန်ကျဝန်ထမ်းအမျိုးသမီးက "ကျမတို့တော့ ဘာမှမကြားဘူး၊ အဲဒီကပြောမှသိတာပါ" လို့ ဖြေကြားပါတယ်။

# ဘိုကလေးမြို့မဈေးပြန်ဆောက်ပေးစေလို

**DVB ၊ ဂျန်နဝါရီ ၂၈ ။** ။ နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရတဲ့ ဧရာဝတီတိုင်း ဘိုကလေး မြို့မဈေးကြီးဟာ အခုချိန်ထိမပြင်ရသေးတဲ့အတွက် ဈေးဆိုင်ပိုင်ရှင်တွေ အခက် တွေ့နေပါတယ်။

ဈေးနားမှာပဲ အဆင်ပြေသလိုရောင်းချနေရတဲ့အတွက် ကျန်းမာရေးထိခိုက်မှုတွေရှိနေတယ်လို့ ဈေးဆိုင်ပိုင်ရှင်တွေကပြောပါတယ်။ ခုချိန်မှာ ဈေးပြန်လည်တည်ဆောက်ရေးလို့ပြောနေပေမယ့် အရင်လို လုံလုံခြုံခြုံဆောက်ပေးမှာ မဟုတ်တဲ့အတွက် ဆိုင်ပိုင်ရှင်တွေက ပိုပြီးစိတ်မသက်မသာဖြစ်နေကြတာလို့ ဆိုင်ရှင်တဦးကပြောပါတယ်။

"သူတို့ဆောက်ပေးမယ့်ပုံစံက ဇရပ်သာသာပုံစံမျိုးလေ၊ နာဂစ်ဖြစ်ပြီးတဲ့နောက် စားဝတ်နေရေးလည်း တော်တော်ကျပ်တည်းနေတယ်၊ အိမ်အမိုးအကာတွေကလည်း မလုပ်ရသေးဘူး၊ အဲဒီအချိန်မှာ လေဟာပြင်တွေသဘောမျိုးလုပ်ပေးမယ်တဲ့၊ ဈေးရုံကသိမ်းသွားတဲ့ပစ္စည်းတွေ၊ မီးလောင်တာတော့ မဟုတ်ဘူး၊ ပျက်သွားတဲ့ဟာတွေက ပြန်ပြင်မယ်ဆို အကောင်းတွေ အဲဒါတွေ ကို မန္တလေးတိုင်းနဲ့ မကွေးတိုင်းကြံ့ခိုင်ရေးအဖွဲ့တွေကသိမ်းသွားတာ၊ အဲဒီသစ် တွေ၊ တံခါးတွေ အခု ဘယ်ရောက်ကုန်မှန်းတောင်မသိဘူး"

အခုအထိ ဈေးရောင်းလို့မရသေးပေမဲ့ စည်ပင်ကို လစဉ်ကြေး ၁ လ ၁ ထောင် အမြဲပေးနေရတယ်လို့လည်းပြောပါတယ်။ သားသမီးတွေကများ၊ စားဝတ်နေရေးကလည်းအဆင်မပြေတာကြောင့် လစဉ်ကြေးကိုမပေးနိုင်တာ ၂ လ ရှိနေပြီလို့လည်း အဲဒီဆိုင်ပိုင်ရှင်ကဆိုပါတယ်။ ဈေးကို အမိုးအကာလုံလုံခြုံခြုံနဲ့ပြန်ဆောက်ပေးဘို့ ဈေးသူဈေးသားတွေက မျှော်လင့်နေကြတာပါ။

# AAPP နဲ့ BWU တို့က ထောင်တွင်းကျန်းမာရေးစောင့်ရှောက်မှုအပေါ် ရှုတ်ချ

**DVB ၊ ဂျန်နဝါရီ ၂၆ ။** ။ စစ်အစိုးရက နိုင်ငံရေးအကျဉ်းသားတွေကို လုံလောက်တဲ့ကျန်းမာရေးစောင့်ရှောက်မှုမပေးတဲ့အပေါ် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) နဲ့ မြန်မာ့အမျိုးသမီးသမဂ္ဂ တို့က ပြင်းပြင်းထန်ထန်ပြစ်တင်ရှုတ်ချလိုက်ပါတယ်။

ဒီနှစ်ဖွဲ့ပူးတွဲထုတ်ပြန်တဲ့ ဒီနေ့ကြေညာချက်မှာ ပြစ်တင်ဝေဖန်ထားတာဖြစ်ပြီး အထူးသဖြင့် မန္တလေးအိုးဘိုအကျဉ်းထောင်က အသက် ၂၃ နှစ်အရွယ် မကေသီအောင် လွန်ခဲ့တဲ့သီတင်းပတ်ပိုင်းက ကိုယ်ဝန်ပျက်ကျခဲ့ရတဲ့အပေါ် ထောင်တွင်းကျန်းမာရေးစောင့်ရှောက်မှု အားနည်းတဲ့အတွက်ဖြစ်ရတာလို့ ဝေဖန်ထားပါတယ်။ မကေသီအောင်ဟာ ထောင်ဒဏ် ၂၆ နှစ်ချမှတ်ခံထားရတဲ့ နိုင်ငံရေးအကျဉ်းသားတယောက်ဖြစ်ပါတယ်။ စစ်အစိုးရဟာ ၁၉၉၇ ခုနှစ်ကတည်းက အမျိုးသမီးများအပေါ် နည်းပေါင်းစုံနဲ့ အကြမ်းဖက်မှုပပျောက်ရေး သဘောတူစာချုပ်ကို လက်မှတ်ထိုးထားပေမယ့် ပေးထားပြီးသားကတိကို ဖောက်ဖျက်ကျူးလွန်တယ်လို့ မြန်မာ့အမျိုးသမီးသမဂ္ဂ အထွေထွေအတွင်းရေးမှူး မတင်တင်ညိုက ထောက်ပြပါတယ်။

“ဒီအမျိုးသမီးတွေကို CEDAW စာချုပ်မှာပါနေတဲ့အနေအထားအရ လိုက်ပြီးဖြည့်ဆည်းတာမျိုးမရှိတဲ့အပြင် ပြည်တွင်းမှာရှိတဲ့အမျိုးသမီးတွေက နိုင်ငံရေးမှာပါဝင်ပတ်သက်တဲ့အမျိုးသမီးတွေ ဖမ်းဆီးချုပ်နှောင်ခံရတယ်၊ ခြိမ်းခြောက်ခံရတယ်၊ ညှဉ်းပန်းနှိပ်စက်မှုတွေခံရတယ်ပေ့ါ၊ မကေသီအောင် ကိုယ်ဝန် ၆ လမှာပျက်သွားတာဟာ အသက်အန္တရာယ်စိုးရိမ်ရတဲ့အနေအထား မျိုးဖြစ်တယ်၊ အခုလိုပျက်သွားရတာကလည်း ထောင်တွင်းမှာ စစ်ကြောရေးကြောင့် ညှဉ်းပန်းနှိပ်စက်တာမျိုးတွေခံရတယ်။

အစာရေစာဆိုလည်း ကောင်းကောင်းမစားရဘူး။ နေတာထိုင်တာက အစ ဒုက္ခဆင်းရဲပေါင်းစုံနဲ့နေနေရတဲ့အနေအထားမျိုးဖြစ်တယ်။ မိသားစုနဲ့လည်း ပေးတွေ့တဲ့အနေအထားမရှိဘူး၊ ဒါက CEDAW စာချုပ်ကို စစ်အုပ်စုအနေနဲ့ တိုက်ရိုက်စော်ကားလိုက်တယ်လို့ပဲ ပြောချင်ပါတယ်”

ထောင်ဒဏ် ၆၅ နှစ်ချမှတ်ခံထားရပြီး သရက်ထောင်မှာကျခံနေရတဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် မနီလာသိန်းဟာလည်း အစာအိမ်ပြဿနာနဲ့ရင်ဆိုင်နေရပြီး အာဏာပိုင်တွေက သင့်တင်လျောက်ပတ်တဲ့ကျန်းမာရေးစောင့်ရှောက်မှု မလုပ်ပေးဘူးလို့ဆိုပါတယ်။ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေဟာ လူ့အဖွဲ့အစည်းမှာ ပထမဦးစားပေးထဲပါပေမယ့် မြန်မာနိုင်ငံအကျဉ်းထောင်ထဲမှာတော့ ဦးစားပေးအဆင့်ထဲမှာမရှိတဲ့အပြင် လုံလောက်တဲ့ကျန်းမာရေးစောင့်ရှောက်မှုလည်းမရှိဘူးလို့ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) တွဲဘက်အတွင်းရေးမှူး ကိုဘိုကြည်ကပြောပါတယ်။ ဒါကြောင့် နိုင်ငံတကာကြက်ခြေနီအဖွဲ့ကို အကျဉ်းထောင်တွေထဲဝင်ရောက်ခွင့်ပေးဘို့ သူကတောင်းဆိုပါတယ်။

“မြန်မာနိုင်ငံအကျဉ်းထောင်ထဲမှာတော့ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေကိုလည်း ဦးစားပေးအဆင့်ထဲမှာမရှိဘူး၊ အဲဒီလိုမရှိတဲ့အတွက် မကေသီအောင်ရဲ့ကိုယ်ဝန် ပျက်ကျသွားတယ်၊ ရည်ရွယ်ချက်ရှိရှိနဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ဆေးဝါးကုသမှုမပေးလို့ဖြစ်တာ၊ ကိုယ်ဝန်ပျက်ကျတယ်ဆိုတာ လည်း ကလေးတယောက် အသက်ဆုံးရှုံးသွားတာ၊ ဒါက ရည်ရွယ်ချက်ရှိရှိနဲ့ လူသတ်သလိုဖြစ်တာ၊ အဲဒီအပြင် မြန်မာနိုင်ငံရဲ့အကျဉ်းထောင်တွေထဲမှာဆိုကျန်းမာရေးစောင့်ရှောက်မှုနဲ့ပတ်သက်လို့ နအဖစစ်အုပ်စုက သူတို့ကလည်း လုပ်မပေးဘူး၊ လုပ်ပေးနိုင်တဲ့ ICRC လိုဟာမျိုးဆိုရင် ဝင်ရောက်စစ်ဆေးခွင့် လုပ်ပိုင်ခွင့်မပေးဘူး“

အဲဒါက အင်မတန်မှရက်စက်လွန်းတဲ့ ဆုံးဖြတ်ချက်မျိုးတွေဖြစ်နေတယ်။ ဒါကြောင့်မို့ ICRC ကို မြန်မာနိုင်ငံရဲ့အကျဉ်းထောင်ထဲ ဝင်ရောက်ခွင့်ပြုပြီး အကျဉ်းသားတွေအားလုံးကို ကျန်းမာရေးစောင့်ရှောက်ခွင့်တွေလုပ်ပေးဘို့ ကျနော်တို့ကတောင်းဆိုတာဖြစ်ပါတယ်။

# ဒုက္ခသည်ပိုင်ပစ္စည်းများကို ထိုင်းစစ်တပ်သိမ်းယူ

**DVB ၊ ဂျန်နဝါရီ ၂၉ ။** ။ထိုင်း–မြန်မာနယ်စပ် မယ်လဒုက္ခသည်စခန်းထဲကို ထိုင်းစစ်တပ်တွေရုတ်တရက်ဝင်ရောက်လာပြီး ဒုက္ခသည်ပိုင်ပစ္စည်းတွေကို သိမ်းယူသွားပါတယ်။

မဲဆောက်မြို့မြောက်ဘက် ကီလိုမီတာ ၆၀ အကွာရှိ မယ်လဒုက္ခသည်စခန်းထဲကို ထိုင်းစစ်သားတွေရောက်ရှိလာပြီး ဒုက္ခသည်တွေပိုင်ဆိုင်တဲ့ ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ မီးအားမြှင့်စက်၊ ကွန်ပျူတာ၊ မီးဖိုသုံးဓါတ်ငွေ့အိုး၊ လက်ကိုင်ဖုန်း စတာတွေကို သိမ်းယူသွားတယ်လို့ စခန်းထဲရှိဒုက္ခသည်တဦးကပြောပါတယ်။

“အိမ်တအိမ်ဆိုရင် တီဗွီထိုင်ကြည့်နေတာ စစ်သားကပြေးကန်လိုက်တယ်”

သိမ်းသွားတဲ့ထဲမှာ ဆိုင်ကယ် ၁၈ စီးလည်းပါဝင်တယ်လို့ ဆိုပါတယ်။ ဒီလို ပစ္စည်းတွေသိမ်းနေတယ်ဆိုတာ မှန်ကန်ကြောင်း မယ်လဒုက္ခသည်စခန်း ရုံးတာဝန်ရှိသူတဦးကဖြေကြားပြီး အကြောင်းရင်းကိုတော့ မသိဘူးလို့ပြောပါ တယ်။ ဒီဖြစ်ရပ်အတွက် ဒုက္ခသည်တွေမကျေနပ်ပါဘူးလို့ ဒုက္ခသည်တဦးက ပြောပါတယ်။

“ဒုက္ခသည်မှာက အလုပ်လည်းမရှိဘူး၊ ရှိတဲ့ပိုက်ဆံလေးတွေနဲ့ ဒီဖုန်းလေးတွေကို အဆက်အသွယ်ရအောင်လုပ်ထားတာ”

ထိုင်း–မြန်မာနယ်စပ်တလျှောက်တွင် ဒုက္ခသည်စခန်း ၉ ခုရှိနေပြီး မြန်မာနိုင်ငံသား ဒုက္ခသည် ၃၀,၀၀၀ ကျော်ရှိတဲ့ မယ်လစခန်းက အကြီးဆုံးပါ။

# လူပွဲစားတွေ အနိုင်ကျင့်ခေါင်းပုံဖြတ်

**RFA ၊ ဂျန်နဝါရီ ၂၉ ။** ။ ထိုင်းနိုင်ငံတောင်ပိုင်း မဟာချိုင်မြို့နယ်က မြန်မာရွှေ့ပြောင်းအလုပ်သမားတွေဟာ ဒေသခံရဲတွေနဲ့ မြန်မာနိုင်ငံသား ရှမ်းတိုင်းရင်းသားတချို့ပါဝင်တဲ့ လူပွဲစားတွေရဲ့ အနိုင်ကျင့်ခေါင်းပုံဖြတ်မှုကို အရင်ကထက်ခံနေရတယ်လို့ သိရှိရပါတယ်။

မြန်မာနိုင်ငံသားပွဲစားတွေဟာ မိမိငွေရဘို့အတွက် ကိုယ့်နိုင်ငံသားတွေကို အနိုင်ကျင့်တာဖြစ်တယ်လို့ ရွှေ့ပြောင်းအလုပ်သမားတဦးကပြောပါတယ်။ ဒီလူပွဲစားတွေဟာ မြန်မာအလုပ်သမား အမျိုးသမီးငယ်တွေအပေါ်မှာ နှောင့်ယှက်ဖျက်ဆီးမှုတွေလည်းရှိတယ်လို့ အဲဒီအလုပ်သမားကပြောပါတယ်။

ဒါ့အပြင် ပင်လယ်အစားအစာလုပ်ငန်းရှင်တဦးရဲ့ လူယုံတဦးဖြစ်တဲ့ ရှမ်းအမျိုးသမီးတဦးဟာ ဒေသခံအာဏာပိုင်တွေ ရဲတွေနဲ့ပေါင်းပြီး အလုပ်သမားမှတ်ပုံတင်မရှိတဲ့မြန်မာအလုပ်သမားတွေဆီက ငွေကြေးရယူပြီး အလုပ်သမားမှတ်ပုံတင်ကိစ္စအတွက် လိမ်ညာမှုတွေလည်းရှိနေကြောင်း သိရှိရပါတယ်။

အခုလို မြန်မာရွှေ့ပြောင်းအလုပ်သမားတွေ ထိုင်းနိုင်ငံမှာနေထိုင်ခွင့်ရရှိရေး၊ အလုပ်အကိုင်ရရှိရေး အခက်အခဲတွေအတွက် ထိုင်းအာဏာပိုင်တွေ ကို စေ့စပ်တိုက်တွန်းမှုတွေလုပ်ဆောင်နေကြောင်း မြန်မာနိုင်ငံသားများအရေးပူးတွဲလုပ်ရှားမှုကော်မတီ JACBA ရဲ့ဥက္ကဋ္ဌ ကိုမိုးကြိုးကပြောပါတယ်။ ထိုင်း နိုင်ငံမှာ မြန်မာရွှေ့ပြောင်းအလုပ်သမား စုစုပေါင်း သန်းနဲ့ချီရှိနေပြီး မဟာချိုင်မြို့နယ်တခုတည်းမှာပင် မြန်မာနိုင်ငံသား သုံးသိန်းကျော်ရှိတယ်လို့ သိရှိရပါ တယ်။


တိုင်းပြည်ကို ကယ်ကြစို့
ဟဲ.. NLD က.. သူတို့ကို.. သိသာအောင် ထောက်ခံပေးဖို့ ပြောနေပြီ..
ဟာ.. ဒါဆို...လာ လမ်းထိပ်ကရုံး ကိုသွား.. စာပေး မယ်လေ...
mr Burma 09
အဲ.. ဟို.. အိမ်ခြေက ကြံ့ဖွတ်..သိ.သွား ရင်....
အာဘာရယ်..ကျွန်တော် တို့အတွက် နဲနဲလေး သတ္တိရှိပါဗျာ...
အောင်မယ်လေး..... သွား...သွား မယ် လိ..လိ...
8888 2007

# ဒေါ်အောင်ဆန်းစုကြည်၏အယူခံကိစ္စအတွက် ရှေ့နေကို နေပြည်တော်ကဆင့်ခေါ်

**DVB ၊ ဂျန်နဝါရီ ၂၇ ။** ။ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ကပြန်လွှတ်ပေးဘို့ စစ်အုပ်စုအဖွဲ့ထံတင်ထားတဲ့ အထူးအယူခံကိစ္စကို ညှိနှိုင်းဆွေးနွေးဘို့အတွက် နေပြည်တော်ကဆင့်ခေါ်တယ်လို့ အကျိုးဆောင်ရှေ့နေဦးကြည်ဝင်းကပြောပါတယ်။

ဒီလ ၂၄ ရက်မှာ သတင်းတပ်ဖွဲ့မှူးရုံးက ဦးကြည်ဝင်းကိုခေါ်တွေ့ပြီး နေပြည်တော်ရှိရှေ့နေချုပ်ရုံးကို ဒီနေ့ အင်္ဂါနေ့ရုံးချိန်အမီသွားဘို့ ပြောကြားတာလို့ဆိုပါတယ်။ ဦးကြည်ဝင်းက ဒေါ်အောင်ဆန်းစုကြည်နဲ့သဘောတူထားတဲ့ အချက်တခုရှိနေတာကြောင့် သူကိုယ်တိုင်မသွားဘဲ လက်ထောက်ရှေ့နေ ဦးလှမျိုးမြင့်ကို ယမန်နေ့ကလွှတ်လိုက်ရာ သတင်းအထူးတပ်ဖွဲ့ကတားမြစ်လိုက်တယ်လို့ ဦးကြည်ဝင်းကပြောပါတယ်။

"ဒေါ်စု ကျနော့်ကို တိတိကျကျမှာထားတယ်၊ 'အန်ကဲလ် နေပြည်တော်ကိုလိုက်မသွားနဲ့၊ မသွားနဲ့၊ ကျန်တဲ့အထောက်အကူပေးမယ့်နှစ်ယောက်၊ သူတို့ကိုခိုင်း' ဆိုတဲ့သဘောကိုပြောတာပဲ၊ အဲဒါကို ကျနော်ကမနာခံဘဲနဲ့ နေပြည်တော်ကိုထွက်သွားလို့မဖြစ်ဘူး၊ ကိုလှမျိုးအနေနဲ့ ဟိုရောက်တဲ့အခါကျတော့ တွေ့နိုင်ကြုံနိုင်တဲ့၊ ဆွေးနွေးရမယ့်ပြဿနာလေးတွေပါ အကုန်လုံးဆွေးနွေးပြီး မှတ်စုပါထုတ်ပေးလိုက်တယ်၊ တော်တော်ပြည့်ပြည့်စုံစုံလုပ်ပေးလိုက်ပါတယ်၊ ဒီနေ့မနက် သူရထားနဲ့သွားမယ်လို့လုပ်တုန်း သူ့ကို SB က ဘယ်သူလဲဆို တာ ကျနော်မမှတ်မိဘူး၊ ပုဂ္ဂိုလ်များကလာပြီးတော့ 'မသွားနဲ့တော့၊ အဲဒါဖျက် လိုက်ပြီ' လို့ပြောတာနဲ့ ကိုလှမျိုးမသွားဖြစ်တော့ဘူးပေါ့"

အဲဒီလိုတားမြစ်ပြီး နေ့လည်ပိုင်းမှာတော့ ရဲသတင်းအထူးတပ်ဖွဲ့က ဦးကြည်ဝင်းကိုထပ်မံခေါ်တွေ့ပြီး ရှေ့နေတဦးတည်းမို့ သွားခွင့်မပြုတာဖြစ် ကြောင်း၊ ရှေ့နေ ၂ ဦးစလုံးသွားဘို့ပြောကြားတယ်လို့ ဆိုပါတယ်။ ဒါကြောင့် သူ့အနေနဲ့ နေပြည်တော်ကိုမသွားခင် ဒေါ်အောင်ဆန်းစုကြည်နဲ့ မဖြစ်မနေတွေ့ဘို့လိုအပ်နေတဲ့အတွက် တွေ့ခွင့်ပြုဘို့တင်ပြတောင်းဆိုခဲ့တယ်လို့ ဦးကြည်ဝင်းကပြောပါတယ်။ ယမန်နှစ် အောက်တိုဘာ ၉ ရက်မှာတင်ထားတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့အယူခံကိစ္စနဲ့ပတ်သက်ပြီး ဒါဟာ နေပြည်တော်က ပထမဆုံးအကြိမ်ဆင့်ခေါ်တာဖြစ်ပါတယ်။ အစိုးရအဖွဲ့ကလက်ခံဖြေရှင်းပေးရမယ့် အထူးအယူခံကိစ္စနဲ့ပတ်သက်ပြီး ရှေ့နေချုပ်ရုံးထံသွားဘို့အကြောင်းကြားတာ ဟာ ထူးခြားနေတယ်လို့ ဦးကြည်ဝင်းကပြောပါတယ်။

"အဲဒါတော့ နည်းနည်းလေးထူးဆန်းတယ်ပေါ့၊ ဥပမာ အစိုးရအဖွဲ့ကခေါ်တယ်၊ အခုဟာက နှစ်မျိုးဖြစ်နိုင်တာကိုး၊ နှစ်မျိုးဖြစ်နိုင်တာက ရှေ့နေချုပ်ရုံးကခေါ်တယ်၊ ရှေ့နေရှေ့နေချင်းတွေ့မယ်၊ တွေ့ပြီးတော့ ဆွေးနွေးသင့်တာတွေ ဆွေးနွေးမယ်၊ ဒါက တမျိုးပေါ့၊ နှစ်အချက်ကတော့ ကျနော်တို့က အယူခံလွှာတင်တယ်၊ အယူခံအကြောင်းပြချက်တွေက ၉ ချက်ဖော်ပြထားတယ်၊ အဲဒီ ၉ ချက်က ဒေါ်အောင်ဆန်းစုကြည်နဲ့လည်းဆွေးနွေးပြီးမှ ကျနော်တို့ အယူခံလွှာကိုပြုစုရေးသားတာကိုး၊ ဒါက ပြင်စရာ၊ ပြောင်းစရာ ဘာမှမရှိဘူး၊ အကုန်လုံးကလည်း အခိုင်အမာတင်ပြထားတဲ့အချက်တွေချည်းပဲ၊ ဘာပဲဖြစ်ဖြစ် ဆွေးနွေးတဲ့အပိုင်းကတော့ ကျနော်တို့လက်ခံပါတယ်"

ဒေါ်အောင်ဆန်းစုကြည်ကို ၂၀၀၃ မေလ ဒီပဲယင်းတိုက်ခိုက်မှုအတွင်း အာဏာပိုင်တွေကဖမ်းဆီးပြီး ပုဒ်မ ၁၀–က နဲ့ နေအိမ်အကျယ်ချုပ်ချထားတာပါ။ ဒီပုဒ်မဟာ ၅ နှစ်ထက်ပိုပြီးထိန်းသိမ်းခွင့်မရှိတဲ့အတွက် နေအိမ်အကျယ်ချုပ်ကပြန်လွှတ်ပေးဘို့ အစိုးရအဖွဲ့ထံ အထူးအယူခံတင်ထားတာဖြစ်ပါတယ်။


Voice of Burma

**1-507, Horifune Jutaku**
**Horifune 2-27-1**
**Kita Ku, Tokyo**
**Japan. 114 - 0004**

**Tel/Fax: 81 3-6323-5114**
**E-mail: sayarkway@yahoo.com**
**voburma@ac.auone-net.jp**



**၁၉၉၅ ခု အောက်တိုဘာလ မှ စတင်၍ အပတ်စဉ်ထုတ်ဝေသည်**


AIR MAIL

**To**

**PRINTED MATTER**